
စိတ်ကူးချိုချိုအနုပညာ

# ခွေးရွှေဝါ

သော်တာဆွေ
မြန်မာပြန်




တတိယအကြိမ်

mgyoe.com

mgyoe.com

# OLD YELLER

## FRED GIPSON



A warm-hearted classic for young and old

Millions of copies sold • A Newbery Honor Book

tts0010
1,700.00 Ks

mgyoe.com

ငွေးရှူဝါ၊ သော်တာဆွေ
စာမျက်နှာ ၁၃၀+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၃ စိတ်ကူးချိုချို၏ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ခွေးရွှေဝါ

# OLD YELLER

**Fred Gipson**

သော်တာဆွေ

မြန်မာပြန်



တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ခွေးရွှေဝါ

# သော်တာဆွေ

OLD YELLER

*BY*

**FRED GIPSON**

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာစာ

ဝတ္ထုတစ်အုပ်လုံး သင့်လက်ထဲ ရောက်နေမှတော့ စာဖတ်သူအချိန်ကုန်ရန် အမှာစာကို ရှည်လျားစွာ မရေးလိုတော့ပါ။ တိုတိုနှင့်လိုရင်းပြောပါမည်။ ဤဝတ္ထု မူရင်းက အမေရိကန်စာရေးဆရာ Fred Gipson ရေးသော Old Yeller ဖြစ်ပါ သည်။ ၁၉၅၇ ခုနှစ်က ပထမဦးဆုံးအကြိမ်ပုံနှိပ်၍ ၁၉၆၉ ခုနှစ်ထိ ငါးကြိမ် ထုတ်ဝေခဲ့ပြီးပါပြီ။ လူကြိုက် များလှသော်လည်း အပေါစားထဲက မဟုတ်၊ တန်းမြင့်စာပေအဆင့်ဝင် ဝတ္ထုဖြစ်ပါသည်။ ကမ္ဘာ့ကာတွန်းဝိဇ္ဇာ Walt Disneyက ရုပ်ရှင်ရိုက်ပြီးပါပြီ။ မြန်မာပြည်မှာတော့ မပြရသေးပါ။

ဤဝတ္ထုမှာ ဆယ့်ရှစ်ရာစုနှစ်လည်လောက်က အမေရိကန်ပြည်တက္ကဆက် ပြည်နယ်တောင်တန်းဒေသကို နောက်ခံထားသည်။ အိမ်ထောင်တစ်ခုတွင် ဖခင် ခရီးရှည် သွားနေခိုက် မိခင်ကြီးနှင့် ၁၄ နှစ်သား ထရာဗစ်၊ ၅ နှစ်သား အာလစ်တို့သာ ကျန်ခဲ့လေရာ တစ်နေ့သ၌ မမျှော်လင့်သော Old Yeller ခေါ်... ''ခွေးရွှေဝါ''ကြီး သူတို့အိမ်ရောက်လာပြီး အံ့မခန်းသော အကြောင်းအရာတို့ ဖြစ်လာပုံကို ထရာဗစ်က သူ့ကိုယ်တွေ့အမြင်နှင့် ဤဝတ္ထုကို တင်ပြခြင်း ဖြစ်ပါ သည်။

ဖတ်လို့ကောင်းသည်၊ မှတ်ဖို့ကောင်းသည် စာပေရသနှင့် ပြည့်စုံသည်။ ဤဝတ္ထု ယခုသင့်လက်ဝယ် ရောက်နေမှတော့ ဘာတွေဘယ်လိုကောင်းသည်ဟု ကျွန်တော်က ပြောပြနေစရာမလိုတော့ပါ၊ ဖတ်၍သာကြည့်ပါတော့။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အခန်း ၁

သူ့ကို ကျွန်တော်တို့က 'အိုးလ်ယဲလား' ခေါ်ပါသည်။

ဤနာမည်မှာ အင်္ဂလိပ် ဘာသာအားဖြင့် အဓိပ္ပာယ်နှစ်ခုရပါသည်။ သူ့အမွေးက တိုနံ့နံ့နှင့် ဝါကြန့်ကြန့်အရောင်ဖြစ်နေ၍တစ်ကြောင်း၊ သူ ဟောင်လိုက်ပြီဆိုလျှင် အခြားခွေးများလို ဝိုးဝိုး ဝေါင်းဝေါင်းနှင့် ဟိတ်ဟန်ရှိရှိ ဒေါသမာန်ပါပါ အသံမျိုးမထွက်ဘဲ 'ကိန့်အိန်းအိန်း… ကိန့်အိန်းအိန်း' နှင့် တစ်စုံတစ်ယောက်က သူ့အား နာနာကျည်းကျည်း ရိုက်နှက်နေသဖြင့် ညည်းညူ အော်ဟစ်သည့် အသံမျိုး ထွက်သောကြောင့် တစ်ကြောင်းပါပဲ။

'ငှက်တေးသံ' စမ်းချောင်းကလေး နံဘေးရှိ ကျွန်တော်တို့အိမ်သို့ သူ ရောက်လာသည့်အချိန်မှာ သာယာသော နွေဦးတစ်နေ့တွင်ပေါ့။ အဲသည်တစ်နေ့ကိုဖြင့် ကျွန်တော့် စိတ်ထဲဝယ် မနေ့တစ်နေ့ကလိုပဲ မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်နေရပါသေးသည်။ သူနှင့် ကျွန်တော် အကြောင်းဆက်လို့ ရေစက်ဆုံရပုံက တွေ့ခြင်းပထမ အမုန်းဒေါသနှင့်ပါ။

ကျွန်တော် သူ့အား စိတ်ဆိုးလွန်လွန်းလို့ ဒင်းကို ကိစ္စတုံးလိုက်တော့မယ်လို့ လက်နက်ရှာနေဆဲမှာ ကျွန်တော့်ညီလေးကြောင့် မသတ်ခဲ့ရပါဘူး။

ဒါပေမယ့် နောင်တစ်ချိန်ချိန်တွင် သူ့ကိုမသတ်လျှင် မဖြစ်တော့ဟု သတိရတဲ့ အခါမှာတော့ ကျွန်တော့် သွေးရင်းသားရင်းလို မလုပ်ဖြစ်တော့တဲ့အတွက် ကိုယ်တိုင် စီရင်ရသလိုပဲ ကျွန်တော် အသည်းကွဲမတတ် ခံစားခဲ့ရပါတယ်။ ပြန်လည် တွေးမိတိုင်းဝမ်းနည်း၍ မဆုံးပါဘဲ။

mgyoe.com

mgyoe.com


သေသေချာချာ မှတ်မိပါသေးတယ်လေ။ ၁၈၆၀ ပြည့်နှစ်လောက်ဆီကပေါ့။

အဲသည်အချိန်က ကျွန်တော်တို့မိသားစုအပါအဝင် နယ်သစ်ပယ်သစ် ရှာဖွေသူတစ်စုဟာ အမေရိကန်ပြည် တက္ကဆက် နယ်နိမိတ်အတွင်း ရေကြည်ရာ မြက်နုရာဒေသတစ်ခုဖြစ်တဲ့ 'ဆော့လစ်'ခေါ် နေရာသစ်တစ်ခုကို ပြောင်းရွှေ့ပြီး အခြေစိုက်ကြပါတယ်။

ကျွန်တော်တို့ နေရာသစ်ဟာ တိရစ္ဆာန်မွေးမြူရေးနှင့် သီးပင်စိုက်ပျိုး ရေးအတွက် သင့်လျော်တဲ့ မြက်ခင်းလွင်ပြင်ကျယ်ကြီးတွေ၊ မြစ်၊ ချောင်း၊ အင်း အိုင်တွေလည်း ပေါတဲ့ဒေသ ဖြစ်တယ်။ ဒါကြောင့် ထွန်ယက်စိုက်ပျိုးတဲ့အခါ များမှာ ဂျုံ၊ ပြောင်း စသည်တို့ အောင်မြင်ကြတယ်။

ဒါပေမယ့် အခိုက်အတန့်အတွင်းမှာ ကျွန်တော်တို့ လိုနေတာက လက် လှည့်သုံးဖို့ ငွေကြေးပမာဏ အားနည်းနေခြင်းပါပဲ။

တစ်နေရာက တစ်နေရာကို ပြောင်းရွှေ့လာရတဲ့ အခါမှာ အလုပ်ချိန်ပျက် ပြီး စရိတ်စက ကလည်း မနည်းဘူး မဟုတ်လားခင်ဗျာ။ အခြေတကျ စခန်းချပြီး စိုက်ပျိုးစရိတ်နှင့် လိုက်တဲ့အခါကျတော့ အိမ်ထောင်စုတိုင်းမှာ လက်ကျန်ငွေ မရှိတော့သလောက် ဖြစ်သွားကြပါတယ်။

ဒါကြောင့် စခန်းကလူကြီးတွေ စုပေါင်း ဆွေးနွေးကြတော့ ကျွန်တော့် အဖေက ငွေပိုငွေလျှံလေးရဖို့ လက်ရှိ နွားအုပ်တွေထဲက အသုံးမလိုတဲ့ နွားထီး တချို့ကို နွားအရောင်းအဝယ်ပြုရာ နွားဈေးရှိတဲ့ အေဘီးလင်းမြို့သို့ မောင်းသွားပြီး ရောင်းချကြရင် ဟန်လိမ့်မယ်လို့ အကြံပေးပါတယ်။

အဲသည်အခါမှာ အစည်းအဝေးပွဲတွေ ထုံးစံအတိုင်းပေါ့ခင်ဗျာ။ သဘော တူသူလည်းရှိ၊ မတူသူလည်း ရှိကြသပေါ့။

ဒီလို နွားရောင်းနေတယ်ဆိုရင် အိမ်ထောင်ဦးစီးယောကျ်ားတွေဟာ ကိုယ့် နွားတွေ ကိုယ်မောင်းသွားရမှာမို့ စခန်းမှာ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ မိန်းမတွေပဲ ကျန်ခဲ့တဲ့အတွက် ဖြစ်ပါ့မလားလို့ တွေးပူပြီး ကန့်ကွက်ကြတဲ့လူတွေ။ တချို့ကလည်း အေဘီးလင်းမြို့ဟာ တက္ကဆက်ပြည်နယ်နဲ့ဆိုရင် မိုင်ပေါင်း ၆၀၀ လောက်ကွာတဲ့ မြောက်ပိုင်းမှာ ရှိတဲ့အတွက် အသွားအပြန် လ,နဲ့ချီပြီး ကြာမယ်ဆိုပြီး နောက်ဆံတင်းတဲ့ လူတွေလည်းရှိရဲ့။

ဒါပေမယ့် နောက်ဆုံးတော့ အဖေက…

'ဒီမယ် ရောင်းရင်းတို့… ကျုပ်တို့မှာ ငွေရမှဖြစ်မယ်ဆိုရင် ဒီနည်း

mgyoe.com

mgyoe.com

တစ်ခုပဲ စဉ်းစားစရာ ရှိတယ်၊ ကျန်တဲ့ သားမယားတွေအတွက် ဘာပူစရာရှိလဲ၊ ဒီနှစ်အတွက် ထွက်တဲ့သီးနှံတွေ ဖူလုံနေပြီ၊ ထင်း မီးကိစ္စလည်း တောတောင်နဲ့ အပြည့်၊ သူခိုး လူဆိုး ဆိုတာက ပြည်တွင်းစစ်ကြီး ပြီးစမို့ တက္ကဆက်ပြည် နယ်ခြား အစောင့်တပ်တွေက အခါမလပ် ကင်းလှည့်ပြီး စောင့်နေကြတာပဲဗျာ၊ အင်ဒီယန်း လူနီတွေဆိုပြန်ရင်လည်း ပြည်ထောင်စုအစိုးရက သီးခြားနယ်မြေ ပေးထားပြီမို့ သူတို့လည်း စိတ်ကျေနပ်လို့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ရိက္ခာ အတွက်ဆိုတာကတော့ ကျုပ်တို့ဆီမှာ သေနတ်တစ်လက်၊ ငါးမျှားတံတစ်ချောင်း ရှိရင်ပဲ အိမ်တိုင်းအတွက် ဖောခြင်းသောခြင်း။ ဒါကြောင့် ဒီခရီးဟာ သွားမှ ဖြစ်မယ်ဆိုလို့ရှိရင် ခုလို နွေဦးရာသီဥတုဟာ အကောင်းဆုံးပါပဲ၊ ကျုပ်တို့ပြန် ရောက်မှာနဲ့ မိုးကျမှာအဆင်သင့်ပါပဲ၊ ငွေရရင် ကိုယ့်အိမ်ယာနဲ့ လယ်မြေအတွက် လိုမည့်ပစ္စည်းတွေလည်း ဝယ်ခြမ်းလာနိုင်တာပေါ့ဗျာ'

စသဖြင့် အကျိုးသင့်၊ အကြောင်းသင့် ရှင်းလင်းပြတဲ့အခါမှာ လူတိုင်း သဘောပေါက်ပြီး လက်ခံကြပါတော့သည်။

အဲသည်လို ခရီးထွက်ကြဖို့ ဆုံးဖြတ်ပြီးတဲ့ အခါကျတော့ အိမ်ထောင် ဦးစီးယောကျ်ားတွေဟာ အလုပ်နဲ့လက်နဲ့ မပြတ်ကြရတော့ဘူး။ ရောင်းချရမယ့် ကိုယ့်နွားတွေကို လမ်းမှာ အမှားအယွင်း မရှိရအောင် ကိုယ်ပိုင်အမှတ်အသား တံဆိပ်ကို လက်ပြင် သို့မဟုတ် တင်ပါးမှာ ရိုက်နှိပ်ကြရတယ်။

ရိတ်သိမ်းရခါနီး ဂျုံခင်းတွေကို ဖျက်ဆီးမယ့် တောတိရစ္ဆာန်တွေ မဝင်နိုင်အောင် ခြံခတ်ရတယ်။ နယ်ကျွံ၊ ပယ်ကျွံရောက်လာတတ်တဲ့ အင်ဒီးယန်း တွေကို ဘယ်လို ဆက်ဆံကာကွယ်ရမယ်ဆိုတဲ့ သင်တန်းတွေကိုလည်း ညတိုင်း မီးပုံကြီးတွေဘေးမှာ မေးကြရတယ်။

သည်နယ်တစ်ဝိုက်က ဝက်ဝံတွေ အင်မတန်ပေါတာမို့ ကလေးတွေ တောနက်ထဲ အရမ်းမဝင်ဖို့ သတိပေးရတယ်။

နောက်ဆုံး အစစအရာရာ သေချာစွာစေ့စပ်စွာ မှာကြားပြီးတဲ့နောက် အဖေ တို့လူသိုက်ဟာ အောဘီးလင်းမြို့ရှိရာ တက္ကဆက်ပြည်နယ်ကို ခရီးစထွက်ကြ ပါတော့တယ်။

အဖေခရီးထွက်သည့်နေ့ကိုလည်း ကျွန်တော် ကောင်းကောင်းကြီးမှတ်မိ နေပါသည်။ အဖေဟာ အိမ်ပေါက်ဝက ကျွန်တော်တို့ မြင်းညိုချောကြီးပေါ်မှာ ခန့်ခန့်ကြီးထိုင်ပြီး လက်စွဲတော်ရိုင်ဖယ်သေနတ်က ကျောမှာ လွယ်သိုင်းလိုက်လို့

mgyoe.com


အိပ်ရာလိပ်နဲ့ အသုံးအဆောင် ပစ္စည်းတွေ ထည့်ထားတဲ့ အိတ်ရှည်ရှည်ကြီး တစ်ခုက ကုန်းနှီးဘယ်ဘက်မှာချိတ်လို့၊ တကယ့် စစ်ထွက်ယောက်ျားကြီးလိုပါပဲ။

အဲဒီလို မြင်းပေါ်ထိုင်နေတဲ့အခါမှာ ကျွန်တော့်အဖေလို ခန့်ခန့်ထည်ထည် နဲ့ ကြည့်ကောင်းတဲ့ လူဟာ အရှားသားလားဗျ။

အမေက ညီလေးကို ချီရင်း အဖေ့လက်ဖမိုးကို ငုံ့နမ်းပြီး မငိုမိအောင် ကြိုးစားထိန်းသိမ်းနေရှာတယ်၊ ငါးနှစ်ရွယ် ညီလေး 'အာလစ်'ကတော့ အဖေ ဘယ်သွားသွား တကောက်ကောက်လိုက်နေကျ။ ခုမလိုက်ရတော့ လက်ထဲထွန့် ထွန့်လူးအော်ငိုနေတယ်။

ကျွန်တော်ကတော့ မငိုပါဘူး၊ အသက်ဆယ့်လေးနှစ်ရှိနေပြီဟာ။ လူပျိုပဲ ဖြစ်တော့မယ်။

နောက်ပြီး… 'သားကြီး အဖအရာ' ဆိုသလို ဖေဖေမရှိရင် ဒီအိမ်ထောင် စုမှာ ကျွန်တော်က အကြီးအကဲလုပ်ရမယ့်သူဆိုတော့ ငိုနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဖေက အမေ့နဖူးနဲ့ ညီလေးပါးကို ငုံ့နမ်းနှုတ်ဆက်ပြီး သူ့မြင်းကို သံဖနောင့်နဲ့ တို့ရင်း ခြံထဲက ထွက်ဖို့ပြင်ပါတယ်။ ကျွန်တော့်ကိုလည်း ခဏလိုက်ခဲ့ဖို့ လက်ပြခေါ်တာနဲ့ ကျွန်တော်က မြင်းဘေးက လျှောက်လိုက်သွားတယ်။

ကျွန်တော်တို့သားအဖဟာ ခြံဝင်းမှာရှိတဲ့ ဝက်သစ်ချပင်အုပ်အုပ်ကြီး အောက်ကဖြတ်ပြီး စမ်းချောင်းရှိတဲ့ လျှိုထဲကို ဆင်းသွားကြတယ်။ အိမ်ကို လှမ်းမမြင်ရတဲ့နေရာကျတော့ အဖေက မြင်းကိုရပ်လိုက်ပြီး ကျွန်တော့်ပခုံးပေါ် လက်တစ်ဖက်တင်လို့…

'ကဲ… ထရာဗစ်… အဖေမရှိတုန်း သားကြီးက မင့်အမေနဲ့ ညီလေးကို အထူးဂရုစိုက်ရမယ်ကြားလား… သားကို အဖေ့ကိုယ်စားထားခဲ့တာဆိုတော့ သားက လူကြီးတစ်ယောက်လို သဘောထားပြီး အဖေ့လုပ်ရိုးလုပ်စဉ်အလုပ်တွေ ကို တာဝန်ယူပြီး ကြိုးစားလုပ်ရမယ်ကွ… ကြားလား၊ မင့်အမေခိုင်းတာကို စောင့်မနေရဘူး၊ ဘယ့်နှယ်လဲ… သားလုပ်နိုင်ပါ့မလား'

'လုပ်နိုင်ပါတယ်၊ စိတ်ချပါအဖေ'

'အလုပ်တွေက နည်းနည်းတော့များတယ်၊ နွားမတွေနို့ညှစ်ရမယ်၊ ထင်းခွဲ ရေခပ်ရမယ်၊ မွေးကင်းစဝက်ကလေးတွေကို တို့ကိုယ်တိုင် တံဆိပ် ရိုက်နှိပ် ပေးရမယ်၊ အိမ်မှာစားဖို့ အမဲပစ်… နောက်ပြီး အထူးသဖြင့် ပြောင်းဖူးခင်းကို

mgyoe.com

mgyoe.com


တောဝက်နဲ့တောဖျံတွေ ဝင်မစားနိုင်အောင် ဂရုစိုက်ရမယ်။ ဒီလို မ,ဘာကွယ်နိုင်ရင်တော့ ဆောင်းတွင်းစာ ခက်လိမ့်မယ်ကွဲ့'

'ဟုတ်ကဲ့ပါ အဖေ'

'ကဲ… ဒါဖြင့် အဖေသွားမယ်၊ မိုးမကျမီ အဖေအရောက်ပြန်ခဲ့မယ်လို့ မင့်အမေကို ပြောလိုက်ကွာ'

အဖေသည် ထိုသို့ပြောပြီးသည်နှင့် အတူတကွ သွားကြမည့်သူများနှင့် တွေ့ဆုံရန် ချိန်းထားသည့်နေရာဆီသို့ ထွက်ခွာသွားပါတော့သည်။

ကျွန်တော်က အဖေ့ကျောပြင်ကြီးကို ငေးကြည့်ရင်း ကျန်ခဲ့ရာမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သည်နှင့် အဖေ့ကို တကျော်ကျော် ဟစ်ခေါ်ရင်း နောက်က တအားပြေးလိုက်သွားရသည်။ အဖေက ကျွန်တော့် ခေါ်သံကို ကြားသည်တွင် ဇက်သပ်၍ ရပ်လိုက်ပြီး လှည့်ပြန်လှည့်ကာ…

'ဘာတုန်းကွ လူလေးရ'

ဟု မေးလိုက်ရာ… ကျွန်တော်က…

''ဟို… ဟို… မြင်းလေအဖေ''

အဖေက ကျွန်တော့်စကား နားမလည်ဟန် မျက်ခုံးတစ်ဖက်ချီလျက်…

'ဘာမြင်းလဲကွဲ့'

''ဟာ… အဖေကလဲ ကျွန်တော်မြင်းတစ်ကောင်လိုချင်ပါတယ်လို့… အဖေ့ကို ခဏခဏပြောခဲ့ဖူးသားနဲ့''

အဖေက ကျွန်တော့်အား ခပ်ပြုံးပြုံးစိုက်ကြည့်ပြီး၊

'မင်းလိုချင်တာက ခွေးပါကွ၊ ငါသိပါတယ်'

'ခွေးလည်းလိုချင်ပါတယ်၊ ဒါပေမယ့် မြင်းကို ပိုပြီးလိုချင်တယ် အဖေ့ရဲ့''

အဖေက ကျွန်တော့်ခေါင်းကို လက်နှင့်တစ်ချက်ပုတ်ပြီး၊

'ကောင်းပြီ၊ ဒါဖြင့် အဖေမရှိတုန်း မင်းအပေါ်ကျလာတဲ့ တာဝန်တွေကို ယောကျ်ားကောင်းတစ်ယောက်လို ဆောင်ရွက်နိုင်မယ်ဆိုရင် မင်းအတွက် မြင်းတစ်ကောင်ရမှာပေါ့၊ ဘယ့်နှယ်လဲ စိန်ခေါ်မလားဟေ့'

ကျွန်တော် အဖေကမ်းပေးသော လက်ကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး၊

'စိန်လိုက်ဗျာ'

ကျွန်တော့် မြင်ကွင်းမှ အဖေပျောက်ကွယ်သွားတော့မှ ကျွန်တော်အိမ်သို့ ပြန်ခဲ့သည်။ လမ်းတစ်လျှောက်လုံး အဖေနှင့် ပြောခဲ့သရွေ့စကားတွေကို ပြန်လှန်စဉ်းစားလာခဲ့ရာ သူ့နှုပြာသလို ကျွန်တော်တို့မှာ ခွေးတစ်ကောင်လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါ၏။

mgyoe.com

mgyoe.com


ကျွန်တော်တို့စခန်းရှိ အိမ်တိုင်းလိုလို ခွေးတစ်ကောင်စ၊ နှစ်ကောင်စတော့ ရှိကြသည်ချည်းပင်။ ခွေးဆို၍ အလှအပခွေးများတော့ မဟုတ်ပါ၊ တကယ့် သက်လုံကောင်းသည့် အိမ်စောင့်ခွေးကြီးများသာ ဖြစ်ကြသည်။

၎င်းတို့သည် နွားကျောင်း နွားမောင်းရာတွင်လည်းကောင်း၊ တောလိုက်ရာ တွင်လည်းကောင်း၊ ရွာအနီးသို့ မျက်စိလည်ပြီး ရောက်လာတတ်သည့် ဝံပုလွေ၊ ကျားသစ်၊ အင်ဒီယန်း စသည့် အပယ်ကရန်များကို နှိမ်နင်းရာတွင်လည်းကောင်း၊ အလွန်စိတ်ချအားကိုးရသော ခွေးများဖြစ်သည်။

တစ်ခါတစ်ရံ ယင်းခွေးတစ်ကောင်၏ လုပ်အားမှာ လူကြီးသုံးယောက်၏ လုပ်အားမကပင် ရှိတတ်ပါသည်။ လွန်ခဲ့သည့်နေ့တုန်းက ကျွန်တော့်မှာလည်း ယင်းခွေးကြီးမျိုးတစ်ကောင် ရှိခဲ့ဖူးပါသည်။

သူ့နာမည်က "ဘဲလ်" တဲ့။ အမွေးဖွားဖွား၊ လည်ဆံရှည်ရှည်၊ အဖြူနှင့် အနက်အကွက်ဖြစ်ပြီး ခြေတံလက်တံရှည်ရှည်လျားလျားနှင့် အင်မတန်သန်စွမ်း သော ခွေးကြီးဖြစ်ပါသည်။

ဘဲလ်သည် ကျွန်တော်နှင့် သက်တူရွယ်တူပင်ဖြစ်ပြီး ကစားဖော် ကစား ဖက် ရောင်းရင်းကြီးလည်း ဖြစ်ပါ၏။ ကျွန်တော်သွားလေရာ တကောက်ကောက် လိုက်၍ ကျွန်တော့်အား မြွေရန်၊ ကင်းရန်၊ တောဝက်ရန် စသည်များမှ ကာကွယ် ပေးဖူးပေါင်းလည်း များလှပြီ။

မှတ်မှတ်ရရ ကျွန်တော် လေးငါးနှစ်သားက အိမ်အနီးရှိ စမ်းချောင်းထဲ ဆင်းဆော့ရာမှ ရေနစ်လုနီးပါးဖြစ်တုန်း သူက ကျွန်တော့်ကုပ်ကို ကိုက်ချီ၍လည်း ကယ်ခဲ့ဖူးပါသည်။

တစ်ခါက ကျွန်တော်တို့အိမ်က မြည်းထီးကြီး 'ဂျန်ပါ'ကို အင်ဒီယန်း များက အသာမ,သွားပြီး သတ်စားရန် ပြုလုပ်နေကြသည်ကို ဘဲလ်က အတင်း ဝင်ကိုက်ပြီး ဂျန်ပါကို ကယ်ထုတ်နိုင်ခဲ့သည်။

သို့သော် ဤမျှလောက်မျှ အသိဉာဏ်နှင့်ပြည့်စုံပြီး လိမ္မာရေးခြားရှိသော ဘဲလ်မှာ တစ်နေ့တော့ ခြေချော်လက်ချော်၊ အတွေးပါချော်ပြီး မလျော်အပ်သော အရာကို မစူးမစမ်းလုပ်မိတော့သည်။

အသို့ဟူမူကား ယမန်နှစ်က ဆောင်းနှောင်းကာလ တစ်ရက်တွင်ပေါ့၊ အဖေ နှင့်ကျွန်တော်သည် အိမ်နောက်ဖေးကွင်းထဲ၌ နွားစာမြက်များကို ရိတ်နေစဉ် မှန်ကူကွက်ထနေသော မြွေဟောက်ကြီးတစ်ကောင်က အဖေ့အား လှမ်းပေါက်

mgyoe.com

mgyoe.com


လိုက်ရာ မျက်စိရှင်ပြီး မြွေထက်လျှင်သော အဖေက လက်ထဲရှိ တံစဉ်နှင့် ခုတ်ချလိုက်သဖြင့် မြွေခေါင်းက ပြတ်ထွက်ပြီး ၃-၄ ဂိုက် အကွာမှာသွားကျ၏။

ထိုခေါင်းပြတ်ကြီးမှာ ခန္ဓာကိုယ်နှင့် အိုးစားကွဲပြီ ဖြစ်သော်လည်း မြွေတို့ ထုံးစံအတိုင်း အာရုံကြောမပြတ်သေးဘဲ ပါးစပ်ကိုဖွင့်ချည်၊ ပိတ်ချည်လုပ်နေစဉ် သေပန်းပွင့်သော ကျွန်တော်တို့ ကိုရွှေဘဲလ်က သွားဟပ်လိုက်ရာ မြွေခေါင်းသည် သူ့နှုတ်ခမ်းခဲရင်း တွဲလဲကြီးဖြစ်နေ၏။

ဘဲလ်က ခါထုတ်သဖြင့် တခဏတွင်း ပြုတ်သွားပါ၏။ သို့သော် မြွေဆိပ်ကတော့ သူ့ကိုယ်ထဲ ဝင်သွားလေပြီ ဖြစ်သဖြင့် ကျွန်တော်တို့သားအဖ တတ်နိုင်သမျှ ပြုစုကြပါသော်လည်း မရတော့ဘဲ ထိုညမှာပင် ဘဲလ် သေသွားပါ၏။

ကျွန်တော် တစ်ပတ်လောက် ငို၍ မဆုံးနိုင်ပါ။ အဖေက ကျွန်တော် စိတ်သက်သာရာရစေဖို့ ခွေးအသစ်တစ်ကောင်ဝယ်ပေးမည်ဟု ပြောသော်လည်း ဘဲလ်နေရာကို မည်သည့်ခွေးမျှ ကျွန်တော် အဝင်မခံလိုသောကြောင့် ခါးခါးသီးသီး ငြင်းလိုက်ပါသည်။

ခုထိအောင် ယင်းအစွဲအလမ်းက ရှိနေပါသေးသည်။ ထို့ကြောင့် ခွေးထက် မြင်းကို ပို၍ လိုချင်နေခြင်းဖြစ်ပါ၏။

အဖေ့အား နှုတ်ဆက်ပြီး ကျွန်တော် အိမ်သို့ပြန်လာရာလမ်းတစ်လျှောက်လုံးမှာ နွေရာသီမို့ သာသာယာယာ ရှိလှပါသည်။ ကပ်စေးနဲချုံနှင့် စိန်နပန်းပင်တွေက အပွင့်များ ဖွေးဖွေးလှုပ်နေ၏။

ယင်းချုံတွေထဲမှာ ငှက်ရင်ကြား၊ စာကလေး၊ ဘွတ်ကလုံ စသည့်ငှက်ငယ်ကလေးတွေက တစာစာမြည်နေကြ၏။ ပတ်ဝန်းကျင်လေထုမှာလည်း တောပန်းတောင်ပန်းရနံ့တို့ဖြင့် မွှေးထုံကြိုင်လှိုင်နေသည်။ အနီးရှိ စမ်းချောင်းကလေးကလည်း တသွင်သွင်စီးဆင်းနေသည်။ ပတ်ဝန်းကျင်ရှုမျှော်ခင်းတွေကလည်း သာယာနေသည်။

ထို့ကြောင့် သည်နေရာလေးကို ငှက်တေးသံလွင် စမ်းရေယဉ်ရိပ်သာဟု ကျွန်တော့် မိခင်က ရွေးချယ်ပေးခြင်းဖြစ်သည်။ အဖေတို့မြေယာသစ်ရှာဖွေရေးသမားတို့သည် ဤနေရာတဝိုက်ကို မျက်စိကျ၍ အခြေစိုက်ရန် ဆုံးဖြတ်ကြသောအခါ အဖေက သာယာသော ဤစမ်းချောင်းလေးရှိရာကို တမူဟုတ်ချင်း ရွေးချယ်လိုက်လေသည်။

ခပ်လှမ်းလှမ်းတောင်ခြေမှာ ဆားတွင်းများရှိသည်မို့လည်း သည့်ပြင်

mgyoe.com

mgyoe.com


လူများက ဆားတွင်းနှင့်နီးနီးအတွင်းဘက်ဝင်၍ နေရာယူကြသည်။ အဖေတို့ကို သူတို့နှင့် နီးနီးနားနား စုပေါင်းနေရန် ပြောသော်လည်း အမေက ခေါင်းမာစွာ ငြင်းပယ်လိုက်သည်။

ထို့နောက် အဖေနှင့်အမေသည် မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် ယခု ကျွန်တော်တို့နေသော ဂေဟာကလေးကို တည်ဆောက်ကြလေ၏။ အိမ်ပတ်လည်ရှိ မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ပြောင်းခင်း၊ ဂျုံခင်းများ လုပ်သည်။ ကျွန်တော်နှင့် ညီလေးအာလစ်အပြင် ဖျားနာပြီး သေဆုံးသွားသော ညီမလေးပါ ဤအိမ်တွင် မွေးကြသည်။

ကဲ… ခုတော့ သည်ဂေဟာကို ကြည့်ရှုထိန်းသိမ်းရမည်မှာ ကျွန်တော့် တာဝန် ဖြစ်နေပါရောလား။

စမ်းချောင်းရှိရာသို့ ကျွန်တော်ရောက်လာသည်။ သည်စခန်းမှာ ကျောက် ကြားတစ်နေရာစီက စိမ့်ထွက်ပြီး အောက်ခြေရှိ ကျောက်ခွက်ထဲ စီးဝင်သည်။ ယင်းကျောက်ခွက်မှာ ကျွန်တော့် ဒူးဆစ်သာသာနက်၍ ခြောက်ပေပတ်လည်ခန့် ကျယ်ပြီး သဘာဝရေလှောင်ကန်ကလေး ဖြစ်နေ၏။ ထိုကန်ကလေးထဲမှ ရေသည် ကျွန်တော်တို့ သောက်သုံးရေပင် ဖြစ်ပါ၏။

ကြည့်စမ်း… ကန်ထဲမှာ အာလစ်ကလေးသည် အဝတ်မပါဘဲ ကိုယ်တုံး လုံးဖြင့် ရေဆော့နေသည်။ ကျွန်တော်က….

"ဟေ့ကောင် အာလစ်၊ ခုချက်ချင်း ရေထဲက တက်ခဲ့စမ်း"

အာလစ်က ကျွန်တော့်ကို ကျောပေးပြီး ဆော့နေရာက မထုံတက်သေး လှည့်ကြည့်ပြီး လျှာပင် ထုတ်ပြလိုက်သေးသည်။

'တက်ခဲ့ဆို မတက်သေးဘူးလား၊ အေးကွာ သိကြရောပေါ့'

ကျွန်တော်က မောင်းချဓားဖြင့် စမ်းချောင်းဘေးမှာပေါက်နေသော ကြိမ်ပင် တစ်ပင်ကို ခုတ်၍ အရွက်များကို သပ်ချပြီး အာလစ်ရှိရာသို့ တရွမ်းရွမ်း ဝှေ့ယမ်း လျက်သွားသည်။ ကျွန်တော် တကယ်ဆော်တော့မည်ဟု ထင်ပြီး အာလစ်သည် ရေထဲက တဟုန်ထိုး တက်ပြေးရင်း သူချွတ်ပုံထားသော အဝတ်များကိုပင် မကောက်တော့ဘဲ အိမ်ဆီသို့ ငယ်သံပါအောင် အော်ပြေးလေတော့သည်။

သူ့အော်သံက သူ့အား 'ကိုမန်းချီး' အင်ဒီယန်းများက အရှင်လတ်လတ် အရည်ခွာနေသလား အောက်မေ့ရအောင် စူးရှလှေသည်။

၄င်းအော်သံကြား၍ အမေလည်း အိမ်ထဲက အပြေးထွက်လာပြီး ကိုယ်လုံး

mgyoe.com

mgyoe.com

တီးဖြင့် ရှေ့ကပြေးလာသော အာလစ်အားလည်းကောင်း၊ တုတ်တစ်ချောင်းနှင့် နောက်က လိုက်လာသော ကျွန်တော်အားလည်းကောင်း ခါးထောက်၍ စူးစမ်းသော မျက်လုံးများဖြင့်ကြည့်ပြီး…

'ထရာဗစ်… ညီးလေးကို ဘာလုပ်လိုက်သလဲ'

'ဘာမှ မလုပ်ရသေးပါဘူးဗျာ၊ အမေ့သားကိုပြောထားပါ နောက်တစ်ခါ သောက်ရေကန်ထဲ ဆင်းဆော့နေတာတွေ့ရင်တော့ တစ်ကိုယ်လုံး အရိုးထင်အောင် ရိုက်ပြီး လူစင်စစ်က မြင်းကြားလုပ်ပစ်လိုက်မယ်'

ဤသို့ပြန်ပြောရသည်ကို ကျွန်တော် အလွန်သဘောကျကျေနပ်သွား၏။ အဘယ့်ကြောင့်ဆိုသော် ထိုစကားလုံးများမှာ အာလစ် ရေဆင်းဆော့နေသည်ကို တွေ့တိုင်း သူ့အား အဖေက ကြုံးဝါးနေကျစကားများ ဖြစ်သောကြောင့်ပင်။

ဤအိမ်တွင် အဖေ့ကိုယ်စားလှယ်အဖြစ်ကျန်ခဲ့သော ကျွန်တော်က အဖေ့ အသုံးအနှုန်းတွေအတိုင်း ပြောရဆိုရမှာပေါ့ဗျာ ဟုတ်ဖူးလား။

အမေက ကျွန်တော့်အား ခဏမျှတွေကြည့်နေ၏။ ကျွန်တော့်စိတ်ထဲမှာ ခါတိုင်းလိုပင် ညီလေးကို အနိုင်ကျင့်တယ် ပြောပြီး အဆူခံရမလား အောက်မေ့လိုက်မိ၏။

သို့သော် ထင်သလိုမဟုတ်ဘဲ အမေက ကျွန်တော့်ကို ပြုံးပြ၍ သူ့နားကပ်နေသော အာလစ်၏ နားရွက်တစ်ဖက်ကို ဆတ်ခနဲ လိမ်ဆွဲလိုက်ရာ အာလစ် အသံကုန်အော်ပြန်ရင်း သူ့နားရွက်ကို လွှတ်ရန် အတင်းရုန်းကန်ခုန်ပေါက်နေသည်။ အမေက ကျွန်တော့်လက်ထဲမှ အာလစ် အဝတ်အစားများအားယူ၍ သင်းကလေးအား ပြန်ဝတ်ပေးရင်း….

'ဒီမယ် နားထောင်စမ်း ရှဥ့်ညိုကလေး၊ နောက်ကို ခုလိုမနာချင်ရင် အစ်ကိုကြီးပြောစကား နားထောင်ရမယ်၊ ကြားလား။ သွား နောက်ဖေးက ခွေးကတက်မှာ နာရီဝက် ငြိမ်ငြိမ်ထိုင်ချေ'

ဟု ဒဏ်ပေးလိုက်လေ၏။

ကျွန်တော်တို့အိမ်မှာ အိမ်ကြီးနှင့် မီးဖိုဆောင်ကို သပ်သပ်ခွဲပြီး ကြားတွင် ဝရန်တာလေသာဆောင်ကလေးတစ်ခုနှင့် ဆက်ထားသည်။

ယင်းနေရာမှာ အမိုးအကာမရှိဘဲ ဟာလာဟင်းလင်းမို့ ပူအိုက်သောရာသီ၌ လေတဖြူးဖြူးနှင့် အင်မတန် အိပ်၍ကောင်းသည်။ ၄င်းပြင် ကျွန်တော်တို့ အမဲလိုက်၍ရသော အသားများ လေသလပ်အောင် လှမ်းရာနေရာလည်း ဖြစ်သည်။

mgyoe.com

mgyoe.com


အာလစ်ဝရန်တာတွင်ထိုင်ပြီး စိတ်ကောက်နေစဉ် ကျွန်တော်က အဖေ နွားသားရေဖြင့် လုပ်ထားသော ရေပုံးများကိုဆွဲပြီး စမ်းချောင်းမှရေကို ကူသယ် ခေါက်သယ် ခပ်ရသည်။ ရေစည်များပြည့်သွားသောအခါ အမေစုဆောင်းပြီး ပုံထားသော ဆန်ခါထက်မှ ပြာပုံပေါ်သို့ ရေလောင်းပေးရပြန်သည်။

ယင်းပြာရည်များမှာ အောက်ကလက်ခံပုံးထဲသို့ ဆန်ခါပေါက်များစစ်ကျပြီး ဆော်ဒါရည်သဘောမျိုး ဖြစ်သွားလေ၏။ ယင်းအရည်ကြည်ကိုယူပြီး အမေက ဝက်ဆီ၊ အမဲဆီနှင့် သမအောင်ရော၍ ဆပ်ပြာချက်လုပ်လေသည်။

ရေကိစ္စပြီး၍ ထင်းပေါက်ထင်းခွဲလုပ်ရပြန်သည်။ ထိုအခါ အာလစ်သည် ထုံးစံအတိုင်း ကျွန်တော်ထင်းခွဲရာ ရှေ့တည့်တည့် မလွတ်မကင်းနေရာတွင် လာကြည့်ပြန်သည်။ ကျွန်တော်က ထင်းစ မှန်မည်စိုး၍ ခပ်တည်တည် ခပ်ထက်ထန်ပင်...

'မျောက်နှာကလေး ဒီလာရှုပ်ပြန်ပြီးလား အိမ်မှာအေးအေးသွားနေစမ်းကွာ'

ဒီတစ်ခါတော့ အာလစ် ကျွန်တော့်ကို လျှာထုတ်မပြဝံ့တော့ချေ။ အိမ်ဆီသို့ ခပ်ကုတ်ကုတ်ကလေးပြန်သွားရှာသည်။

နေ့လယ်စာ စားပြီးချိန်တွင် အမေအခိုင်း မစောင့်ဘဲ ကျွန်တော့်ဘာသာ မြည်းကြီးဂျန်ပါကိုဆွဲ၍ ပြောင်းခင်းထဲထွက်ခဲ့သည်။

ပြောင်းခင်းထဲရောက်လျှင် အဖေထွန်လက်စ မြေကွက်ကို ဂျန်ပါအား ထွန်တုံးတပ်ပြီး ဆက်၍ ထွန်သည်။ ပြောင်းခင်းမှာ တစ်တန်းနှင့်တစ်တန်း သုံးပေမျှ ကွာလေရာ ယင်းကြားထဲရှိမြေကို ထွန်တုံးတိုတိုလေးဖြင့် စိပ်စိပ်ကလေးမြေကြီး မွနေအောင် ထွန်ရသည်။ ပြောင်းခင်းကြား၌ အာလူးစိုက်ရန်ဖြစ်၏။

ကျွန်တော်တို့မြည်း ဂျန်ပါသည် ငယ်ထိပ်မှ ကျောရိုးတစ်လျှောက် ဒူးအထိ၊ အနက်စင်းကြီးနှင့်ဖြစ်သည်။ ၎င်းသည် အလွန်အခုန်သန်သော မြည်းဖြစ်၏။ လောကတွင် ဂျန်ပါမလွတ်အောင် မခုန်နိုင်သော စည်းရိုးမရှိသလောက်ပင်။

ဒါကြောင့် အဖေက သူ့ကို "ဂျန်ပါ"ဖိုးခုန်ကြီးဟု အမည်ပေးထားခြင်း ဖြစ်လေသည်။ ဂျန်ပါသည် သဘောကောင်းသလောက် ခေါင်းမာသောမြည်းလည်း ဖြစ်၏။ သူ့ကိုယ်ပေါ်တွင် ဝန်တင်ချင်သလောက်တင် ခိုင်းချင်သလောက်ခိုင်း၊ ဒါပေသိ အစာစားပြီး နားရမည့်အချိန်ကိုတော့ သူ အမှတ်သညာကြီးသည်။

ယင်းအချိန်ရောက်သည်နှင့် သူသည် သွားနေရာက တုံ့ခနဲရပ်လိုက်ပြီး ဘယ်လိုမှ ဆက်ခိုင်း၍ မရတော့ချေ။ ထွန်းတုံးတန်းလန်းနှင့် ဖြစ်ပလေ့စေ

mgyoe.com

mgyoe.com


နေရာက ချာခနဲလှည့်ပြီး အိမ်ဆီသို့ တန်းတန်းမတ်မတ် ပြန်လေသည်။ သူ့ဇက်ကြိုးကို ဘယ်လိုတင်းတင်းထား၍မှ မရတော့ချေ။

ဤနေ့ညနေမှာ ကျွန်တော်က သုံးမြောင်းစာလောက် ကျန်သေးသည်ကို အပြီးထွန်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်မို့ နေစောင်း၍ ပြန်ချိန်ကျသော် ဂျန်ပါက သူ့ဆန္ဒကို ပြလာတော့သည်။ အဖေသာဆိုလျှင် အလိုလိုက်ပြီး အလျှော့ပေးမည် ဖြစ်သော်လည်း ကျွန်တော်ကတော့ မရချေ။

ဂျန်ပါ ထွန်တုံးမဆွဲတော့ဘဲ ပေကပ်ကပ်လုပ်ကာ ထွန်ကြောင်းမှ အတင်း ပြန်ကွေ့ပြီး ဘေးမှပြောင်းပင်သုံးလေးပင်ကိုပါတိုက်ချသွားသည်တွင် ကျွန်တော်က ဇက်ကြိုးကို လွှတ်ချလိုက်ပြီး သူ့ရှေ့ရောက်အောင် ပြေးတက်၍ လက်ထဲတွင် ကိုင်ထားသော ယင်းတိုက်သားတုတ်တိုဖြင့် သူ့နှာနုကို ခပ်နာနာထုပစ်လိုက်၏။ ဤတွင် ကျွန်တော့်တစ်သက်မှာ မြည်းတစ်ကောင်၏ အံ့အားသင့်ပြီး ထိတ်လန့်သွားသော မျက်ခွက်ကို ပထမဆုံး ကွက်ကွက်ကွင်းကွင်း မြင်ရပေတော့သည်။

သူသည် နှာတစ်ချက်မှုတ်ပြီး ထွက်ပြေးရန် ကြံစည်ပြီးမှ စိတ်ပြောင်းသွားကာ တွေတွေကြီး ကျွန်တော့်အား ကြည့်နေ၏။ ကျွန်တော် ရှေ့ဆက်ဘာလုပ်မည်ကို အကဲခတ်နေဟန်တူ၏။ ကျွန်တော်က ယင်းတိုက်နှစ်တုတ်ကို သူ့မျက်စိရှေ့သို့ ထောင်ပြပြီး…

“ဂျန်ပါ… ထွန်ရေးပြီးအောင် အေးအေးဆေးဆေးလုပ်ရင်လုပ်၊ မလုပ်ရင် ဒါနဲ့ နောက်ထပ် အချခံရဦးမယ် နားလည်လား”

ဟု ကြုံးဝါးလိုက်၏။ သင်းက နားလည်ဟန် တူပါသည်။ နောက်ထပ် ရန်းလားကန်လား မလုပ်တော့ဘဲ ထွန်ကို ပြီးသည်အထိ ဖြောင့်ဖြောင့်တန်းတန်း ဆွဲပါတော့သည်။

ဒါပေမယ့် ကျေကျေနပ်နပ်တော့ မဟုတ်၊ မကြာခဏဆိုသလို ကျွန်တော့်အား စောင်းငန်းစောင်းငန်းနှင့် လည်ပြန် လှမ်းကြည့်နေသည်။

အလုပ်သိမ်း၍ အိမ်ပြန်ရောက်သောအခါ၌ အမေက နို့ညှစ်ထားပြီးပြီ။ စားပွဲတွင် အာလစ်နှင့် ညစာစားရန် ကျွန်တော်အား မျှော်၍ နေကြသည်။

အဖေရှိစဉ်က အိမ်ပြန်နောက်ကျလျှင် အမေက ဤသို့ပင် ထမင်းပွဲပြင်၍ စောင့်နေတတ်သည်မို့ ကျွန်တော့် စိတ်ထဲဝယ် သိမ့်ခနဲ ကြည်နူးသွားပါသည်။

ထိုနေ့က ညီလေးအာလစ်နှင့်အတူ အိပ်ရာ ဝင်သောအခါ တစ်နေ့တာအတွက် ကျွန်တော် ဆောင်ရွက်ခဲ့သည်များကို ပြန်လည်ရေတွက်ရင်း တယ်ဟုတ်တဲ့ ငါပါလားဟု ကျေနပ်နှစ်သိမ့်ခြင်းဖြစ်နေမိလေသည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့ အိပ်ရာမှာ ပြောင်းဖူးမိတ်စာမွေးများ သွပ်ထားသော နွားသားရေမွေ့ရာကြီးဖြစ်ပြီး အခန်းထောင့်တွင် အသေရိုက်ထားသော ကွပ်ပျစ်ပေါ်တွင် ရှိလေသည်။

ကျွန်တော်မှာ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ တောင်လိုမ့်မြောက်လိုမ့်ဖြင့် ထိုနေ့အဖို့ အာလစ်ကလေးနှင့် ဂျန်ပါတို့ကို အောင်မြင်စွာ နှိမ်နင်းခဲ့ပုံများကို တွေးရင်း အိမ်ထောင်ဦးစီးနေရာ ဝင်ရသော ပထမနေ့မှာ အဆင်ပြေစွာ ကုန်ဆုံးခဲ့ရပေသည်။

အမေကပင်လျှင် ကျွန်တော့်အား လူလားမြောက်လာသော သားကြီးအသွင်ဖြင့် အသိအမှတ်ပြုကာ ထမင်းပွဲပြင်ပြီး စောင့်ခဲ့ရှာသည်မဟုတ်လား။

ကျွန်တော့်မျက်လုံးများ စင်းလာပြီး အိပ်ပျော်ခါနီးတွင် ဟိုး စမ်းချောင်းဆီမှ ညပျော်ငှက် ကိုဇီးကွက်၏ မြူးထူးအော်မြည်သံကို သဲ့သဲ့ ကြားလိုက်ရလေ၏။

❃

mgyoe.com

mgyoe.com

# အခန်း ၂

အဖေ ခရီးထွက်လာပြီး နောက်တစ်နေ့မှာပဲ အိုးလ်ယဲလား ကျွန်တော်တို့အိမ်ကို ရောက်လာပါတော့တယ်။ သူရောက်လာပုံကိုလည်း ကြည့်ပါဦးလေ။

အဲသည်မနက် ကျွန်တော် အိပ်ရာက ထလာတော့ အမေက မီးဖိုချောင်ထဲက လှမ်းပြီး ကျွန်တော့်ကို (မနေ့ညက ညီလေးကို ဒဏ်ပေးခဲ့တဲ့) ဝရန်တာမှာ တန်းလုပ်ပြီး တွဲလဲဆွဲထားတဲ့ အမဲသားအတွဲက အသားနည်းနည်းလှီးယူခဲ့ဖို့ ခိုင်းတယ်။

သည်တော့ ကျွန်တော် သားလှီးဓားယူပြီး အမဲသားထားတဲ့ နေရာရောက်တော့··· လားလား··· အမဲသားတွဲ မတွေ့ရတော့ဘဲ ဆိုင်းထားတဲ့ကြိုးစသာ အပိုင်းပြတ်တွဲလဲ။ သည်အမဲသားဆိုင်းတဲ့ ကြိုးစဟာ အဖေကိုယ်တိုင် ဆင်ဒိုမြက်ရင့်ရင့်တွေကို ခြောက်ပင်လိမ်ပြီး ကျစ်ထားတာမို့ တော်တော် ခိုင်ပါတယ်။

ကျွန်တော်က ဘယ့်နှယ် သည်ကြိုးပြတ်ပြီး အမဲသားတွဲပျောက်နေပါလိမ့်လို့ တောင်ကြည့်၊ မြောက်ကြည့် ကြည့်လိုက်တော့··· လားလား··· ဝရန်တာထောင့်က ထရံနဲ့ ပြောင်းစေ့တွေထားတဲ့ သစ်သားစည်ပိုင်းကြီး ကြားက လက်ဝါဝါကြီးနှစ်ခု ထွက်လာပြီး နောက်က ခွေးဝါကြီးတစ်ကောင်က ကျောကော့အညောင်းဆန့်ရင်း ပေါ်လာတော့တယ်။

တကတည်းဗျာ။ သူ့အိမ်ယာ ကျနေတာပဲ အေးအေးဆေးဆေးနဲ့။

အဲသည်ခွေးဟာ အရိုးပေါ်အရေတင် ပိန်နေရုံတင်မက အမြီးဖျားကလည်း တစ်ထွာလောက်ပြတ်လို့၊ နားရွက် တစ်ဖက်ကလည်း တခြမ်းပဲ့နေသေးတယ်။

mgyoe.com

mgyoe.com


ဒါပေမယ့် သူ့ဝမ်းဗိုက်ကတော့ အမဲသား လေးငါးပေါင်လောက် ကြိတ်ထားတာကလား။ ပူစီပေါင်း လေမှုတ်သွင်းထားသလို ဖောင်းကားနေတာပဲ၊ ဒါနဲ့ ကျွန်တော်က အမဲသားသူခိုးတော့ လက်ပူးလက်ကြပ် မိနေပဟဲ့၊ ပြန်အန်ကျအောင် ဆော်လိုက်တော့မှပဲလို့ လက်နက်ရှာနေတုန်း သူက ကျွန်တော့်မြင်တော့ ကြောက်ရွံ့မသွားဘဲ ကျွန်တော့်ကိုများ သူ့သခင်အရင်းခေါက်ခေါက် တွေ့ရတဲ့အတိုင်း ဝမ်းသာအားရ သူ့အမြီးတိုတိုကြီးလှုပ်ပြီး တအိနိ့အိနဲ့ အော်ရင်း ကျွန်တော့်အနားပဲ ကပ်လာချေသေးတော့ဗျာ။

အဲသည်မှာ ကျွန်တော် ဒေါပွပွနဲ့ တုတ်ကလည်း ရှာမတွေ့သေးတော့ 'မအေပေး ခွေးသူခိုး' ဆိုပြီး ခြေထောက်နဲ့တအားပိတ်ကန်လိုက်တာ အောင်မလေးဗျာ… ဘသားချောက သူ့ကိုယ်ကို အသာကလေးပဲ နောက်ယို့လိုက်တယ်။ ကျွန်တော့်ခြေဟာ သူ့မထိဘဲ ဆံချည်လောက်ကပ်လွဲသွားတယ်။

ဒါပေမယ့် သည်ခွေးကြီးလုပ်ပုံက သူ့ကို ကျွန်တော် မကန်မိပါဘူး ပြောရင် ဘယ်သူမှ ယုံနိုင်စရာမရှိဘူး။ ကြည့်လေ၊ သူ့ရှည်လျားလျား ကိုယ်ကြီး ကို ဝုန်းခနဲ ပက်လက်လှဲလိုက်ပြီး ခြေလေးချောင်း ယက်ကန်ယက်ကန်လုပ်ရင်း အာပြဲကြီးနဲ့ တအား ကုန်းအော်နေတော့တယ်။

သူအော်နေပုံကို မြင်ရတဲ့သူတွေဆိုရင် သူ့တစ်ကိုယ်လုံးကို ကျွန်တော် တင်းပုတ်နဲ့ထုလိုက်သလား ထင်ရမယ်။ သည်အသံပလံတွေကို ကြားတော့ အမေက မီးဖိုထဲက ပြေးထွက်လာပြီး မေးတယ်။

'ဘာတွေဖြစ်နေတာလဲ ထရာဖစ်'

'ဟာ… ဟောဒီ ခွေးစုတ်ခွေးနာကြီး ကျွန်တော်တို့အမဲသားတွေ အကုန်ခိုးစားလိုက်ပြီ အမေ'

ကျွန်တော်က ပြောရင်းဆိုရင်း ပိုးလိုးပက်လက် လန်နေတဲ့ ခွေးကြီးကို သေသေချာချာ ချိန်ရွယ်ပြီး ဆောင့်ကန်လိုက်ပြန်တယ်။ ဒါပေမယ့် သည်တစ်ချီလည်း ဒင်းက ကိုယ်ကို အသာတွန့်လိမ်ယင်း လွတ်အောင် ရှောင်သွားပြန်တယ်။

နောက်ပြီး ခုနကလို ကျယ်ကျယ်လောင်လောင် အော်ပြန်ပါရော။

သည်မှာတင် ကျွန်တော့်ညီလေး အာလစ်ဟာ အိပ်ရာက လန့်နိုးပြီး အိမ်ထဲက ပြေးထွက်လာပါတော့တယ်။

ထုံးစံအတိုင်း နွေကာလမို့ အဝတ်မပါပဲ ကိုယ်လုံးတီးကလေးနဲ့ပေါ့။ သူဟာ ခွေးဝါကြီးကို မြင်ပြီး မျက်လုံး အဝိုင်းသားကလေးနဲ့ ကြည့်နေပြီးမှ ဝမ်းသာအားရ သူ့အသံ စူးစူးဝါးဝါးကလေးနဲ့…

mgyoe.com

mgyoe.com


'ဟယ်… ခွေးတစ်ကောင်ရပြီးဟော့… ခွေးတစ်ကောင်'

လို့အော်ဟစ်ပြီး ခွေးကြီးဆီ ပြေးသွားကာ နှာယောင်ကို အသာပွတ်သပ်ပေးနေတယ်။ ခွေးစုတ်ကြီးက မျက်လုံးအသာမှေးပြီး တအီအီနဲ့ ဖိမ်ကျနေတယ်။ သည်တော့မှ အာလစ်က ကျွန်တော့်ကို မော့ကြည့်ပြီး…

'အစ်ကိုကြီး… ခင်ဗျားကျုပ်ခွေးကို နောက်ထပ်မကန်နဲ့တော့ဗျာ၊ ကန်ရင်ကျုပ်နဲ့အတွေ့ပဲ' တဲ့…

ကျွန်တော်က နဂိုကတည်းက စိတ်တိုနေရတဲ့အထဲ အာလစ်က အဲသလိုပြောတော့ ခွေးကြီးကို နောက်တစ်ခါ ထပ်ကန်ဦးမယ်လို့ ခြေထောက်ကို ရွယ်ရုံရှိသေး အာလစ်ဟာ မီးဖိုဆောင်အပေါက်ဝမှာ ထောင်ထားတဲ့ အမေ့ဖုံခါနေကျတုတ်ချောင်းကို အပြေးသွားဆွဲလာပြီး ကျွန်တော်ညီ့သူကြီးကို ဖြန်းခနဲ ရိုက်လိုက်တယ်။ သူလုပ်ပုံမြန်ဆန်လွန်းလို့ ကျွန်တော်တို့ ညီအစ်ကို အကျယ်အကျယ်မငြိမ်းဖွယ်တွေ ဖြစ်မှာစိုးလို့ အာလစ်လက်ထဲက တုတ်ချောင်းကို ဆွဲယူပြီး အမေက ကျွန်တော့်ကို ခွင့်လွှတ်ဖို့ အကြည့်နဲ့ ကြည့်လိုက်ရှာတယ်။ အာလစ်ဟာ ခွေးဝါကြီးဆီ သွားပြီး သူ့လက် ဝဝကစ်ကစ်လေးတွေနဲ့ ခွေးလည်းပင်းကို သိုင်းဖက်ရင်း…

'ဒီခွေးကို ကျွန်တော်မွေးထားမယ်မေမေ၊ ကျွန်တော့် ခွေးကို အစ်ကိုကြီး မနှိပ်စက်ပါစေနဲ့'

ဟု ပြောရင်း သူ့နိုင်ပေါက်ဖြစ်တဲ့ ခုနစ်သံချီပြီး အာခေါင်ပေါက်လုနီးနီးအော်ဟစ်ငိုလေတော့ ခွေးဝါကြီးက မတ်တတ်ထလာပြီး အာလစ်ရဲ့ မျက်နှာနဲ့ ပါးစုံတွေပေါ်က မျက်ရည်တွေကို သူ့လျှာနီနီကြီးနဲ့ လျှက်ပေးနေလေရဲ့၊ ဒါကို ကြည့်ပြီး အမေက ပြုံးစိစိနဲ့ ကျွန်တော့်ကို…

'နေရင်းထိုင်ရင်း ခွေးတစ်ကောင်တော့ ကောက်ရပြန်ပြီ ထင်တယ် သားရေ'

ကျွန်တော်က အမေ့မျက်နှာကို ဖြတ်ခနဲ လှမ်းကြည့်ပြီး မကျေမနပ်ပြောလိုက်သည်။

'ဟင်… အမေကလဲ ဒီလောက်စုတ်ပြတ်ပြီး အကျည်းတန်တဲ့ ခွေးများ မွေးဦးမလို့လား၊ အကျင့်ကလည်း တန်သေးတယ်၊ ခုပဲ အမဲသားကို အိမ်မှာစားဖို့ မကျန်အောင် ခိုးစားပြီးပြီမဟုတ်လား'

'ဆာလွန်းလို့ နေမှာပေါ့ကွယ်၊ သနားပါတယ်၊ နောက်ပိုင်ရှင်ပေါ်လာ

mgyoe.com

တော့လဲ ပြန်ပေးလိုက်တာပေါ့ သားရယ်၊ ဆားတွင်းအုပ်စု တစ်အိမ်အိမ်က ခွေး ဖြစ်မှာပေါ့'

'ဟာ… ကျွန်တော် ရွာထဲက ခွေးတွေဆိုတာ မသိတာ မရှိသလောက် ပါပဲ၊ အမေကလဲ ဒီခွေးစုတ်ကြီးက ဘယ်သူ့အိမ်ကမှ မဟုတ်ဘူး၊ ခွေးလေ ခွေးလွင့်သက်သက်၊ ဘယ်ချောင်ကြိုချောင်ကြားက လာမှန်းမသိတာ'

'အေးလေ… ဒါဆိုပိုကောင်းတာပေါ့၊ မင်းညီလေး အာလစ်မှာ ကစား ဖော်မရှိတော့ မွေးပါစေသားရယ်၊ ခွေးကတော့ ခွေးပါးပဲကြည့်ပါလားကွဲ့၊ သူ့အပြုအမူ တွေက လူ့အရိပ်အကဲသိပ်သိတာ၊ ရေမိုးချိုးပေးပြီး ဝဝလင်လင် ကျွေးမွေးထား ရင်တောက်ပြောင်ပြီး လှလာမှာပေါ့ကွယ်၊ အမဲသားကို ယူစားနိုင်တဲ့ ဉာဏ်သွား ကလဲ မဆိုးဘူးကွယ့်၊ ကြည့်စမ်း အောက်ကနေဆို ဒီလောက်အမြင့်ကို သူမမီ နိုင်ဘူး၊ ဒါကြောင့် ပြောင်းစေ့စည်ပေါ်ကနေတက်ပြီး ဆွဲစားတာ ဖြစ်ရမယ်'

အမေပြောတာ ဟုတ်,မဟုတ် ကျွန်တော်သွားကြည့်တော့ မှန်ပါသည်။ စည်ပေါ်မှာ ခွေးခြေရာနှင့် မြေမှုန့်တွေ တွေ့ရ၏။ ဒါပေမယ့် သည်ခွေးသူခိုး ကို ကျွန်တော် မကျေနပ်။

'ထားပါတော့… အမေပြောသလို ဒီခွေးလျင်တယ်ပဲထား၊ ကျွန်တော် တော့ မမွေးချင်ဘူး'

'မင်းဒီလို တစ်ဖက်သတ်မပြောပါနဲ့သားရယ်၊ မင်းငယ်ငယ် မင်းကိုယ်တိုင် ခွေးမွေးခဲ့တယ်မဟုတ်လား၊ ဒီလိုပဲ အာလစ်လဲ ကစားဖော်၊ ကစားဖက် ခွေးမွေး ချင်ရှာမှာပေါ့ကွယ်၊ ကိုယ်ချင်းစာမှပေါ့'

ကျွန်တော်က ဘာမှပြန်မပြောတော့ပါ၊ ကျွန်တော့် အမေအကြောင်း ကျွန်တော် သိတာပေါ့၊ သူတစ်ခုခု လုပ်ချင်တော့မယ်ဆိုရင် ဘယ်သူဖျက်လို့မှ မရနိုင်တော့ဘူးဆိုတာ၊ ဒါပေမယ့်… ကျွန်တော့်စိတ်ထဲမှာတော့ တေးထားလိုက် ပါသည်။

အေးလေ… ရှိပါစေဦး၊ တစ်ရက်နှစ်ရက်တော့ သူ့ကို စိတ်ကျေနပ်အောင် ထားလိုက်ဦးမယ်၊ နောက်တော့ ဒီခွေးစုတ်ကြီးကို တစ်နည်းနည်းနဲ့ ပ,ထုတ်ပစ် ရမယ်။

ကျွန်တော့် အတွင်းစိတ်ကို အမေက ရိပ်မိသည့်အလား တစ်မနက်လုံး ကျွန်တော့်ကို အကဲခတ်သော မျက်လုံးများနှင့် မကြာခဏ ကြည့်နေသည်ကို တွေ့ရ၏။

mgyoe.com

mgyoe.com


မနက်စာမှာ အသားမရှိတော့၍ ပြောင်းဖူးစေ့မုန့်ကို နွားနို့နှင့်ကျို၍ပြီး ပျားရည်ဆမ်း၍ အမေက ကျွေးပါသည်။ စားလို့ အရသာရှိသော်လည်း အသား ကြိုက်သော ကျွန်တော်က အာသာမပြေနိုင်ဘဲ ရှိ၏။ စားသောက်ပြီးသောအခါ အမေက ကျွန်တော့်အား…

'ကဲ… ငါ့သား ထရာဗစ်၊ နွားနို့ညှစ်ပြီးရင် မင်းသေနတ်ကို ဆွဲပြီး အမဲရှာထွက်ချေဦး၊ သမင်ပေါက်ကလေးတစ်ကောင်လောက်ရရင် ကောင်းမယ် ကွာ၊ အမဲလိုက်ရင်း ညီလေးအာလစ်ကို ခွေးဝါကြီးပေးမွေးတာ သင့်၊မသင့် စဉ်းစားပေါ့ကွယ်'

ဤသည်ကား အမွေးရောင်ဝါညစ်ညစ် အမြီးတိုလက်တဆစ်နှင့် ပြတ်နေ သော နားရွက်တစ်ဖက်၊ ခြေလက်ကလန့်ကလား၊ ကိုးရိုးကားရားဖြင့် ဘယ်လို ကြည့်၍မှ ပုံပန်းမကျသော ခွေးဝါကြီးတစ်ကောင် ကျွန်တော်တို့ အိမ်ထောင်စု စာရင်းဝင် ဖြစ်လာပုံတည်း။

❁

mgyoe.com

mgyoe.com

# အခန်း ၃

ကျွန်တော်သည် နွားနို့ညှစ်ပြီးသောအခါ နို့ပုံးကို အမေ့ထံဝင်ပေးပြီး တောထဲသွားရန် ပြင်ဆင်ရပါသည်။ ပထမဦးစွာ ရိုင်ဖယ်သေနတ်ကို ယမ်းအပြည့်ထိုး၍ မြည်းဂျန်ပါကို သွားခေါ်လာပြီး ဇက်ကြိုးတပ်ရသည်။ ပြီးနောက် ကြိုးတစ်ချောင်းကို ယူပြီး ဂျန်ပါလက်ပြင်နှင့် ရင်ခေါင်းကို ပတ်ချလိုက်၏။

ဤသည်မှာ အမဲကောင်ကို ဂျန်ပါကျောပေါ်မှ တင်ခဲ့ရန် ဖြစ်ပါသည်။ အဖေက သမင် ဒရယ် စသော သားကောင် ခပ်ငယ်ငယ်များကို လက်နှစ်ဘက် ခြေနှစ်ဖက်ပူးချီ၍ ကိုယ့်ပခုံးပေါ်ခွတင်ပြီး အိမ်သို့ယူနည်းကို စနစ်တကျပြသပေးခဲ့သည် မှန်သော်လည်း ဤနည်းက ခရီးဝေးဆိုလျှင် ပင်ပန်းလှသည်။ ထို့ကြောင့် ဂျန်ပါကို အဖော်ခေါ်ခဲ့ရခြင်းဖြစ်၏။

ကျွန်တော်သည် ငှက်တေးသံ စမ်းချောင်း ကမ်းနဖူးတစ်လျှောက်မှ သည်ဆားတွင်းများရှိရာ တောင်တန်းဆီသို့ ဂျန်ပါကို စီးလျက်လာခဲ့သည်။ ယင်းသို့လာခဲ့စဉ် ကျွန်တော်စီးလာသည်မှာ မြည်းအိုကြီးဂျန်ပါမဟုတ်ဘဲ ခန့်ခန့်ချောချောမြင်းတစ်ကောင်သာ ဖြစ်ဘိမူ မည်မျှဟန်ကျလိမ့်မည်နည်းဟု တွေးနေမိသည်။

စမ်းချောင်းကမ်းပါးသည် တဖြည်းဖြည်း နိမ့်ဆင်းလာပြီး မကြာမီမြက်ခင်းတစ်ခုသို့ ရောက်လာပါတော့သည်။ မြက်ခင်းကို ကျော်လွန်သော် ဟိုမှာဘက်တွင် ဆားတောင်များရှိလေသည်။ မြက်ခင်းရှိမြက်ပင်များမှာ အလွန်သန်စွမ်း၍ ဂျန်ပါတစ်ကိုယ်လုံး မြုပ်လုနီးနီးရှိသည်။

ကျွန်တော်သည် ဆားတွင်းနှင့် မိုင်ဝက်ခန့်အလိုတွင် ရပ်ပြီး ဂျန်ပါကို

mgyoe.com

mgyoe.com


ဝက်သစ်ချပင်ကြီးတစ်ပင်အောက်၌ ချည်ထားလိုက်သည်။ သူ့ကို ကျွန်တော်နှင့် အတူ ဆားတွင်းအနီးသို့ခေါ်သွားရန် မဖြစ်ပေ။

အဘယ့်ကြောင့် ဆိုသော် သူ့မြီးခတ်သံ ခြေဆောင့်၍ ယင်ခါသံများကို အမဲကောင်များ ကြား၍မတော်။

နောက် ဒင်းကလည်း ဆားနံ့ရလျှင် ဆားတွင်းဆီသို့ သွားချင်လိမ့်ဦးမည်။ ထိုအခါ ရုန်းလားကန်လားလုပ်တော့ ဘယ်အမဲကောင်မှ အနားကပ်လာလိမ့်မည် မဟုတ်ပေ။

နောက်တစ်ချက်က ဂျန့်ပါသည့် သေနတ်သံကို အလွန်ကြောက်သည်။ သေနတ်သံမို့ ကြားလိုက်ရလျှင် ဖင်ထိုင်ကျလုမတတ် တုန်လှုပ်နေတတ်ပြီး ဒယ်အိုး ကင်းထဲရောက်နေသည့် ပုရွက်ဆိတ်လို တောင်ပြေး၊ မြောက်ပြေး ဆောက်တည်ရာ မရ ဖြစ်တော့သည်။ ထို့ကြောင့် သူ့ကိုထားခဲ့ပြီး ကျွန်တော်တစ်ကိုယ်တည်း ခြေလျင်ကြိတ်ရခြင်းဖြစ်ပေ၏။

ထိုမနက်ခင်းသည် အမဲလိုက်ရန် အလွန်ကောင်းနေသည်။

နွေဦး၏ နေခြည်နုနုကလေးများက သစ်ရွက်နှင့်မြက်ခင်းပေါ်မှာ နွေးထွေး စွာ ပက်ဖျန်းထား၏။ လေကလည်းငြိမ်သက်သမှု လေတင်လေအောက်ကို ဘယ်လို ခန့်မှန်းရမည် မသိအောင် ဖြစ်နေ၏။ ကျွန်တော်သည် လက်ညှိုးကို ပါးစပ်ထဲ ထည့်၍ တံတွေးဖြင့် စိုစွတ်စေပြီး ထောင်လိုက်ရ၏။ ကျွန်တော့်ကိုယ်ဘက်ခြမ်း က အလျင်ခြောက်သွားသည်ဖြစ်၍ လေညာမှာ ရောက်နေကြောင်းယူဆရသည်။

သည်လိုဆိုမဖြစ်ချေဘူးဟု တွေးဆလျက် ကျွန်တော်သည် လေအောက် ရောက်အောင် ဆားတွင်းအချို့ကို ပတ်လျက်ဆန့်ကျင်ဘက်နေရာသို့ သွားရသည်။ လေအောက်ရောက်လောက်ပြီဟုထင်ရသောအခါ ကျွန်တော်သည် သားကောင် ချောင်းရန်နေရာကောင်းကောင်း ရွေးရပြန်သည်။

ဟော တွေ့ပါပြီ ဝက်သစ်ချပင်ကြီးတစ်ပင်နှင့် ၎င်းပေါ်နွယ်တက်နေသော စပျစ်ရိုင်းပင်များမှာ သိပ်သည်းလွန်းသဖြင့် အတွင်းသို့ ဖြဝင်သွားသောအခါ၌ ဂူတစ်ခုလို ဖြစ်နေ၏။ ကျွန်တော်သည် ပင်စည်ကိုမှီပြီး သေနတ်ကို ပေါင်ပေါ် ကန့်လန့်ဖြတ်တင်လျက် ကျကျနနတင်ပျဉ်ခွေထိုင်ချလိုက်၏။

ပြီးတော့ ကျွန်တော့်ကိုယ်ကြီးကို ဝက်သစ်ချပင်၏ တစ်စိတ်တစ်ဒေသဟု မှတ်ယူရအောင် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နိုင်သမျှငြိမ်အောင်နေရတော့သည်။ ကျွန်တော်လူမှန်းသိတတ်ကတည်းက အဖေက အမဲလိုက်ခြင်း အကြောင်းကို စကားစပ်မိ၍ ပြောတိုင်း…

mgyoe.com

mgyoe.com

'ငါ့သား၊ သမင်လိုက်တော့မယ်ဆိုရင် ကိုယ့်အနံ့အသက်နဲ့ လှုပ်ရှားမှုကို တတ်နိုင်သလောက် ထိန်းချုပ်ထားရမယ်၊ သမင်ဆိုတာ လူရဲ့ပုံပန်းသဏ္ဌာန်ကို ကြောက်တာမဟုတ်ဘူးကွ၊ မင်းရဲ့အနံ့အသက်နဲ့ လှုပ်ရှားမှုကို မရရင် သမင်ဟာ မင်းနဲ့မျက်နှာချင်းဆိုင်တွေ့ပစေ ဂရုမစိုက်ဘူးကွ'

အဲသလို အဖေ့ သွန်သင်မှုတွေကြောင့် ကျွန်တော်ဟာ သစ်ငုတ်တိုကြီး တစ်ခုလိုထိုင်နေပြီး မျက်လုံးကသာ ဆားတွင်းတွေဘက်လှမ်းပြီး အကဲခတ်ရ တယ်။ ကျွန်တော် ခုရောက်နေတဲ့ တောင်ကြောတစ်လျှောက်လုံးဟာ ဆားတွင်း တွေ အပြည့်ပါ။ ဆားတွင်းဆိုပေမယ့် ကျောက်ဆုံညိုညိုကြီးတွေမှ အစင်းအနက် တွေ ဖြစ်နေသည်။

အဲဒီအစင်းအနက်တွေက ကျောက်ကြောမှာရောနေတဲ့ ဆားတွေပဲ။ အဖေ က ပြောတော့ ဟိုရှေးနှစ်ပေါင်း ပဝေသဏီက ဒီကျောက်တောင် ကျောက်တန်း တွေဟာ ပင်လယ်အောက်မှာ နစ်မြုပ်နေခဲ့သည်တဲ့။ ကာလရွေ့လျောတော့ ပင်လယ်တွေလည်း တဖြည်းဖြည်းနောက်ဆုတ်သွားရာ ပထဝီမြေပြင်ပေါ်မှာ တောင်တန်းဖြစ်ကျန်ခဲ့တယ်။ ပင်လယ်အောက်မှာ ရှိစဉ်ကကျောက်သားတွေက ဆားငံရည်တွေစုပ်ထားလိုက်လို့ ခုလိုကျောက်နဲ့ ဆားနဲ့ ရောကျန်ခဲ့တယ်ပြော တာပဲ။

တကယ်တော့ တောနေတိရစ္ဆာန်လေးတွေအတွက် သဘာဝက ဖန်ဆင်း ပေးထားတာနဲ့ တူပါတယ်ဗျာ။ တိရစ္ဆာန်အတွက်တွင် မကပါဘူး အမေတို့နေရာ မှာ အခြေစိုက်ပြီးစ တစ်ခါတုန်းက အမေတို့မှာ သုံးစရာ ဆားပြတ်သွားတော့ ဒီဆားတွင်းက ကျောက်ဆုံတွေကို ထုခြေပြီး ရေနဲ့ကြို ရတဲ့ဆားရည်နဲ့ အမဲသား နယ်ရတယ်၊ ပေါင်မုန့်ဖုတ်ရတယ်လို့ ဆိုပါတယ်။

တောတိရစ္ဆာန်တွေဟာ ဆားတွင်းရှိရာဆီသို့ မနက်စောစောတစ်ခါ၊ ညနေ နေဝင်ရီတရောတစ်ချိန် လာပြီး ဆားလျက်ကြတယ်။ ဒါကြောင့် အဲဒီအချိန်တွေဟာ အမဲပစ်လို့အကောင်းဆုံးပဲ။ တောမုဆိုးများဖြစ်တဲ့ ကျား၊ ခြင်္သေ့၊ သစ်နက်၊ ဝံပုလွေ တောကြောင် စသည်တို့ဟာ ဒီအကြောင်းကိုသိတဲ့အတွက်လည်း အဲဒီ အချိန်မျိုးမှာ သူတို့စားဖို့သားကောင်တွေကို လာချောင်းလေ့ ရှိကြတယ်။

တစ်ခါတလေ ကျွန်တော်တို့သားအဖဟာ သူတို့နဲ့ ရင်ဆိုင်တိုးမိကြပြီး သင်းတို့ကိုပစ်ရခတ်ရတာမျိုးလည်းရှိရဲ့။ ကျွန်တော်ကိုယ်တိုင်ကတော့ ကြောင် နှစ်ကောင်နဲ့ ဝံပုလေတစ်ကောင်ရခဲ့ဖူးပါတယ်။ အဖေကတော့ တစ်ခါက ဆား တွင်းမှာ ဆားလာလျက်တဲ့ လားပေါက်ကလေးတစ်ကောင်အပေါ် ခုန်အုပ်လိုက်တဲ့ သစ်နက်ကြီးကို ပစ်ခတ်လိုက်ဖူးတယ်။

mgyoe.com

mgyoe.com

သစ်နက်ဆိုတာက ဘယ်လောက်သန်သလဲ၊ သူ့ဖဝါးကြီးနဲ့ ပုတ်လိုက်မိတဲ့ လားဟာ တခါတည်း ဇက်ကျိုးသေကရော။

အဲဒါတွေးတွေးမိရင်း ကျွန်တော်ဟာ ခုမနက်မှာ ဝံပုလွေဖြစ်ဖြစ်၊ ကျားဖြစ်ဖြစ် ပစ်ချင်စိတ်ပေါက်လာတယ်၊ ခုထက်ထိတော့ ဆားတွင်းမှာ ဝက်တစ်အုပ်ပဲ တွေ့ရသေးတယ်။

ကျွန်တော်အမှန်ကို ဝန်ခံရမယ်ဆိုရင် ကျား၊ ကျားသစ်သာ ပစ်ချင် တယ်ဗျာ။ တောဝက်တော့ မပစ်ဝံ့ဘူးဗျ။ ဘာကြောင့်ဆို သူတို့အုပ်စုကများ တစ်ကောင်ကောင် အနာတရထိလိုက်လို့ ကျွိခနဲအော်သံကြားတာနဲ့ ဝက်တွေ တစ်အုပ်တစ်မကြီး ခင်ဗျားနောက်ကို စွတ်လိုက်ပြီသာမှတ်ပေရော့။ ဒီကောင်တွေဟာ ဘာဆိုဘာမှ မကြောက်ဘူး၊ အုပ်စုအားကိုးနဲ့ အင်မတန်မိုက်မဲပြီး ဒေါသကြီး တတ်တဲ့ တိရစ္ဆာန်မျိုးဗျ။

တောဝက်ဆိုရင် အကောင်ငယ်ပေမယ့် အစွယ်တွေကတော့ ထက်ပါပေ့။ ရန်သူကို မိပြီလားဆိုရင် အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီသာ အောက်မေ့ပေရော့။

တစ်ခါက… ဂျက်ဆင်ပဆင်ရဲ့သား ရှီဆာဟာ မဖြစ်ညစ်ကျယ်လုပ်ပြီး တောဝက်တစ်ကောင်ကို မထိတထိ သွားပစ်လိုက်မိတာဟာ တကတည်း ဝက်တစ်အုပ်ကြီး ဝိုင်းလိုက်လို့ သစ်ပင်ပေါ်တက်ပြေးမှ သက်သာရာရတယ်။ ဒါ တောင်တော်ရုံသစ်ပင်ဆို သူတို့အစွယ်တွေနဲ့ပက်ပြီး လှဲပစ်နိုင်တယ်ဗျ။

ရှီဆာဟာ ကုသိုလ်ကံကောင်းတော့ သရော်ပင်လို ချွဲတဲ့အပင်မျိုးပေါ် တက်မိလို့ပေါ့။ သစ်ခေါက်က ပွစိပြီး ချွဲကျိနေတော့ ဝက်စွယ်က ပက်မဝင်ဘူး၊ ဘေးချော်ချော်သွားတယ်။ ဒါတောင် သစ်ပင်ပတ်လည်မှာ ဝက်တွေ တစ်အုပ်တစ်မကြီး ဝိုင်းပြီး တစ်နေကုန်စောင့်ကြသေးတာ။

ရှီဆာပြန်မလာ… မလာနဲ့ မိုးကြီးချုပ်တော့မှ သူ့အဖေက ရွာသားတွေ ခေါ်ပြီး တောနင်းရှာတော့မှ လူအုပ်ကြီးလို့ ဝက်တွေ ထွက်ပြေးတော့မှ ရှီဆာ သစ်ပင်ပေါ်မှ ဆင်းလာဝံ့တော့တာ။ နို့မဟုတ်ရင် ဒုက္ခဗျ။

ဒါကြောင့် ကျွန်တော်ဟာ တောဝက်ဆိုရင် မပစ်ဘူးလို့ စိတ်ကူးနေတုန်းမှာပဲ၊ တောဝက်တစ်အုပ်ရောက်လာပြီး ဆားကို အားရပါးရလျက်ပြီး သွားကြတယ်။ အဲဒီနောက်မှာတော့ ငုံးတစ်အုပ် ဆားကျင်းပတ်လည်မှာ အစာရှာနေကြတုန်း ချိုထောင်နွားသိုးကြီးတစ်ကောင်၊ နွားမသုံးကောင်၊ နွားကလေးနှစ်ကောင် ရောက်လာကြပြန်တယ်။ ခုထက်ထိတော့ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်ရယ်လို့ နီးနီးစပ်စပ် မလာသေးဘူး။

mgyoe.com

mgyoe.com


ကျွန်တော်လည်း ခပ်ပျင်းပျင်းရှိတာနဲ့ ခေါင်းပေါ်က ဝက်သစ်ချကိုင်းမှာ ဆော့ကစားနေတဲ့ ရှဉ့်ကလေးနှစ်ကောင်ကို မော့ကြည့်နေလိုက်တယ်။ ရှဉ့်တစ်ကောင်ဟာ သူ့အဖော်နဲ့ ကစားနေရာက ဒီပြင် သစ်ကိုင်းတစ်ကိုင်းဆီ လွှားခနဲ ခုန်လိုက်တယ်။ နောက် ကွိကွိ၊ ကျိကျိ ပါးစပ်ကပြောပြီး ကျန်တဲ့အကောင်ကို သူ့ဆီကူးခဲ့ဖို့ ခေါ်ဟန်တူတယ်။ ဒီဘက်ကိုင်းက ရှဉ့်က ဟိုဘက်ကို ခုန်ကူးသွားတယ်၊ ဒီတော့ ပထမရှဉ့်က သူ့ဆီအရောက်ကူးလာနိုင်တဲ့ ဒုတိယရှဉ့်ကလေးကို နှာခေါင်းချင်းထိပြီး ကိကိကက်ကက်နဲ့ ဆူဆူညံညံ အော်တယ်။ ငါတပည့်တော်တယ်ပြောတဲ့ အဓိပ္ပာယ်လား မဆိုနိုင်ဘူးပေါ့လေ။

ဒီလိုပဲ ပထမရှဉ့်ဟာ ဒုတိယရှဉ့်ကလေးကို ဆရာလုပ်ရင်း ရှိုးအမျိုးမျိုးထုတ်ပြီး ဟိုကိုင်းဒီကိုင်းကို လွှားခနဲ၊ ပျံခနဲနေအောင် မြူးထူးခုန်ကူးနေရာက တစ်ချီတော့ တစ်ကိုင်းနဲ့ တစ်ကိုင်း အတော်ကို အလှမ်းဝေးတာကို ခုန်အကူးမှာ ဟိုဘက်အရောက် သစ်ရွက်တွေကိုသာ လက်သည်းနဲ့ချိတ်မိပြီး အောက်ကို ကားခနဲ ကျသွားတော့တယ်။

ဒါကို သစ်ကိုင်းပေါ်မှာ ကျန်ရစ်ခဲ့တဲ့ ဒုတိယရှဉ့်ဟာ တဆွေ့ဆွေ့ခုန်ပြီး ပါးစပ်အပြဲသား ကက်ကက်… ကက်ကက်နဲ့ ပြောနေလိုက်တာ သူ့ကို ဆရာလုပ်ချင်ဦးဟဲ့လို့ ပြောပြောပြီး ရယ်လေသလား အောက်မေ့ရတယ်။

ကျွန်တော်လည်း သူတို့ကိုကြည့်ရင်း ရယ်ချင်စိတ်ပေါက်တာနဲ့ အသံထွက်အောင် ရယ်လိုက်တယ်။ ဒါဟာ ကျွန်တော်မှားသွားတာပဲ၊ ဘာပြုလို့လဲဆိုတော့ သမင်မလေးတစ်ကောင်ဟာ ကျွန်တော်နဲ့ မျက်စောင်းထိုးလောက်ဆီမှာ ဘယ်အချိန်က ရောက်နေမှန်းမသိဘူး။

ကျွန်တော့်အသံကြားတော့ ဖျတ်ခနဲ လှည့်ကြည့်တယ်။ ကျွန်တော်နဲ့ မျက်လုံးချင်းဆုံမိတော့ စူးစမ်းတဲ့ မျက်စိနဲ့ အကဲခတ်ရင်း နှာခေါင်းလေး ပွစိပွစိနဲ့ အနံ့ခံလိုက် ရှေ့လက်ကလေးတစ်ဖက်က မြေကြီးကို ရပ်တိုက်လုပ်နေတယ်။ ကနဦးက ကျွန်တော် သစ်ပင်အောက်မှာ ရှိနေမှန်း သူ သိဟန်မတူဘူး။ ကျွန်တော့် ရယ်သံက သူ့ကို လှန့်လိုက်သလို ဖြစ်နေတာပဲ။

ကဲ… ခုလို ဖြုန်းစားကြီး သမင်မနဲ့ရင်ဆိုင် နီးနီးကပ်ကပ် တွေ့ရတော့ ကျွန်တော့်မှာ ကြက်သေ သေပြီး တုတ်တုတ်မှ မလှုပ်ဝံ့ ဖြစ်နေရတော့တယ်။ လှုပ်တာနဲ့ သူပြေးတော့မယ်။

သမင်တစ်ကောင်ကို ပြေးနေတုန်း အမိအရပစ်ဖို့ဆိုတာက ကျွန်တော့်လို သေနတ်သမားပေါက်စအဖို့ မလွယ်ရေးချ မလွယ်တဲ့ကိစ္စပဲ။

mgyoe.com

အဲ··· အဲ၊ အဖေသာဆိုရင်တော့ သေနတ်သမားပေါက်စအဖို့ မလွယ် ရေးချ မလွယ်တဲ့ကိစ္စကို သေချာပေါက်··· ပစ်နိုင်တာပေါ့။

ဒါကြောင့် ဒင်းမျက်စိလွှဲသွားတော့မှ ရိုင်ဖယ်ကို ကောက်ကိုင်တော့မယ်လို့ အသာငြိမ်ငြိမ်ပဲ သက်မဲ့ဝတ္ထုလို နေလိုက်တယ်။ ဒါပေမယ့် သမင်က မျက်စိလွှဲဖို့ နေနေသာသာ ကျွန်တော့်ဆီက မျက်လုံးမခွာပဲ နားရွက်ကလေးတွေ တဖျပ်ဖျပ် ခတ်လိုက်၊ နှာကလေးရှုံ့လိုက် လုပ်နေတယ်။

ကျွန်တော့်နှလုံးဆိုရင် တဒိန်းဒိန်းနဲ့ခုန်လိုက်ပုံများ အပြင်တောင်ထွက်လာ တော့မလား အောင်းမေ့ရတယ်။ သေနတ်ကို ဆွဲတဲ့ပြီး ပစ်ချင်စိတ်ပေါက်တာ လည်း အသည်းကို ယားနေတာပဲ၊ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအချင်တွေဟာ တောင့်တင်းကုန်ပြီ။

မရှေ့စာကတော့ စောစောက အမူအရာအတိုင်း ကျွန်တော့်ဆီ တဖြည်း ဖြည်း တိုးလာနေတော့တယ်။ မကြာခင် သူ့နှာသီးဖျားကလေးက ကျွန်တော့်ကို ထိတော့တယ်။ ကျွန်တော့် ခြေဖဝါး လက်ဖဝါးတွေ ယားကျိကျိ ဖြစ်လာပြီး မအောင့်နိုင်တော့ဘဲ ပေါင်ပေါ်ကနေ သေနတ်ကို ဖြတ်ခနဲ ကောက်ကိုင်လိုက် တယ်။

သည်တင်ပဲ မဟာဒုက အလန့်တကြား ရှူးခနဲ နှာတစ်ချက်မှုတ်ရင်း သူ့ကိုယ်ကို စွေခနဲလှည့်ပြီး လေရဲ့ လျှင်မြန်ခြင်း အဟုန်နဲ့ တစ်ချိုးတည်း ပြေး ပါတော့တယ်။

ကျွန်တော်က အဆင်သင့် မောင်းတင်ပြီးသား သေနတ်ကို တတ်နိုင်သမျှ တည့်အောင်ချိန်ပြီး မောင်းဖြုတ်ချလိုက်ပါတယ်။ ယမ်းခိုးတွေတော့ ထောင်းခနဲ မည်းမှောင်သွားလေတော့ ရုတ်တရက် သမင်မကို မမြင်ရတော့ဘူး။

သည်တော့လည်း ကျွန်တော်က သေနတ်ထဲ ယမ်းထပ်ထည့်၍ ကပျာ ကယာ ထိုင်နေရာက ခုန်ထရင်း ယမ်းခိုးတွေထဲ ဖြတ်ပြေးခဲ့တယ်။ ယမ်းငွေ့တွေ ရှင်းတဲ့နေရာ ရောက်တော့ အတော်စိတ်ပျက်စရာကောင်းတဲ့ ရှုခင်းကို မြင်လိုက် ရတယ်။

သေနတ်သံကြောင့် ဆားတွင်းမှာဆားလာလျက်နေကြတဲ့ နွားအုပ်တစ်အုပ် ဟာ လန့်ပြီး တဝုန်းဝုန်းနဲ့ ထွက်ပြေးကြလေတော့ သည်နွားအုပ်တွေနဲ့အတူ ကျွန်တော့် သမင်က ရောပါသွားတာကိုးဗျ။ နောက်ထပ်ပစ်ဖို့ မလွယ်တော့ဘူး လေ။ ပစ်လိုက်ရင် သမင်မမှန်ပဲ နွားတွေ သွားမှန်တော့ သူတို့ပိုင်ရှင်နဲ့ ပြဿနာ ဖြစ်ဦးမယ် မဟုတ်လား။

mgyoe.com

mgyoe.com


သမင်မရဲ့ အမြီးဖြူဖြူ အဖျားချွန်ချွန်ကလေးဟာ နေရိုးနေစဉ် ကော့ထောင်မနေဘဲ တင်ပါးဆုံနှစ်ဖက်ကြားမှာ ကွေးကွေးကလေး ပြေးကပ်နေတာ ထောက်တော့ ကျွန်တော့်ပစ်ချက်ဟာ အလဟဿတော့ မဖြစ်ဘူး၊ ဒါပေမယ့် သေတွင်းတော့ ထိပုံမတူဘူး။ ဒါကို ကျွန်တော် စိတ်မကောင်း ဖြစ်သွားတယ် ခင်ဗျ။ အမဲလိုက်တာ ကျွန်တော် ပျော်ပါတယ်။

ဒါပေမယ့် သားကောင်ကို မသေမရှင် နာနာကျင်ကျင် ဖြစ်အောင် လုပ်မိတာ ကျွန်တော် မကြိုက်ဘူး။ အထူးသဖြင့် သည်လို ချောချောလှလှနဲ့ အန္တရာယ်မပေးတတ်တဲ့ သမင်မကလေးတွေကို ကျွန်တော် ဒုက္ခမပေးချင်ဘူး။

အဖေကလည်း မကြာခဏ ကျွန်တော့်ကို ပြောဖူးပါတယ်။ လူတွေဟာ ကိုယ့်အသက်ရှင်ဖို့အတွက် မဖြစ်လို့ သတ်ရမှာဖြစ်လို့မို့ တိရစ္ဆာန်တွေကို တတ်နိုင်သလောက် အမြန်ဆုံး အသက်ထွက်တဲ့နည်းနဲ့ ချက်ကောင်းမှန်အောင် ပစ်နိုင်ဖို့၊ ပစ်တတ်ဖို့ ကြိုးစားရမယ့်အကြောင်း။

ခုတော့ ကျွန်တော့် ပယောဂကြောင့် သည်သမင်မကလေး တောထဲ တစ်နေရာမှာ မသေမရှင် အနာတရကြီးနဲ့ ဒုက္ခခံရတော့မှာပါလားလို့ တွေးပြီး စိတ်လက်မကောင်းပဲ ငေးငိုင်ကြည့်နေတုန်း ဖြုန်းဆို မထင်မှတ်ဘဲ မမျှော်လင့်တဲ့ အဖြစ်အပျက်ကို မြင်လိုက်ရတယ်လေ။

သမင်မလေးဟာ ဆားတွင်းပေါ်ကနေ တောင်ခြေကို တရကြမ်း ဆင်းပြေးရာမှ သူ့ရှေ့တည့်တည့်က သစ်ပင်တစ်ပင်ကို မရှောင်နိုင်ဘဲ ဒိုင်းကနဲ ထိပ်တည့်တည့် ဦးတိုက် ဝင်ဆောင့်တော့တာပဲ။ လေထဲကို သူ့ကိုယ်လုံးကလေး မြောက်တက်သွားပြီး ပြန်အကျမှာ မထနိုင်တော့ပဲ တုံးလုံးလဲနေတော့တယ်။

ကျွန်တော်ဟာ မေးထိနေတဲ့ မြက်ရိုင်းတောကြီးကို တအားတိုးပြီး ပြေးဆင်းသွားမိတယ်။ မောလိုက်တဲ့ဖြစ်ခြင်း။

ဟောဟဲလိုက်ပြီး သမင်မလေး လဲနေရာကို ရောက်တော့ သင်းကလေးက သေနေပြီ။

ကျွန်တော့် ကျည်ဆန်က လက်ပြင်ကနေပြီး ရင်ညွန့် ဖောက်သွားတာပဲ။ ချက်ကောင်းမှ တကယ့်ချက်ကောင်း။ ဘာကြောင့် ချက်ချင်း မသေမှန်း ကျွန်တော် တွေးမရဘူး။

စောစောက စိတ်ပျက်ဝမ်းနည်းတာတွေ ဘယ်ပျောက်ကုန်မှန်း မသိဘဲ ကိုယ့်ကိုယ်ကိုယ်လည်း ချက်ချင်း အရပ်နှစ်ပေလောက် ရှည်ပြီး လူလားမြောက်သွားပြီရယ်လို့ သွေးနားထင်ရောက်သွားတယ်။

mgyoe.com

mgyoe.com


ဟုတ်သလေ။ သမင်မကလေးကို နှိပ်စက်ရာမရောက်ပဲနဲ့ ကိုယ့်မိသားစု ဝမ်းရေးကို ဖြည့်ဆွက်ဖို့ စွမ်းဆောင်နိုင်ခဲ့တယ် မဟုတ်လားခင်ဗျာ။

သမင်အပြေးမှာ အဖေသာ မိအောင်ပစ်နိုင်တယ်လို့ ကျွန်တော်ပြောခဲ့တယ်လေ။ ဟော… ခုတော့ ဖေ့သားကြီးကိုယ်တိုင် သမင်တစ်ကောင်ကို ပြေးနေတုန်း တစ်ချက်တည်းနဲ့ အသေပစ်နိုင်ခဲ့ပြီကော။

ဂျွန်ပါရဲ့ ကျောပေါ်မှာ သမင်ကိုခွတင်ပြီး ကျွန်တော်က သမင်မနောက်က ခန့်ခန့်ကြီး စီးလိုက်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ပီတိဖြစ်မဆုံးပါဘဲ။

ဒါကြောင့် ညီလေးအာလစ်နဲ့ ခွေးဝါကြီးအကြောင်းတောင် မစဉ်းစားနိုင်တော့ဘူး ဖြစ်နေတယ်။

ခွေးဝါကြီးကို ကျွန်တော့်စိတ်နဲ့ မတွေ့တာ အမှန်ပါပဲ။ ဒါပေမယ့် ခုနေတော့ ကျွန်တော် စိတ်ကောင်းဝင်နေတဲ့ အချိန်မို့လို့လား မပြောတတ်ဘူး။ သင်းကို အာလစ်ကလေးမွေးမယ်ဆိုရင် ကန့်ကွက်ချင်စိတ်မရှိဘူး။ ကလေးအလုပ်ထဲ ကိုယ်က ဝင်မရှုပ်ချင်တော့ဘူးလို့ အောက်မေ့တယ်။

ကျွန်တော် သည်ကနေ့လို လက်သွက်သွက်နဲ့ အမဲပစ်နိုင်သရွေ့ ကျွန်တော်အိမ်ထောင်စုနဲ့ ခွေးဝါကြီးပါ စားစရာ မခေါင်းပါးနိုင်တော့တာမို့ မွေးချင်မွေးပလေ့စေလို့ အဲသလို စိတ်ကောင်း စေတနာတွေထားပြီး စမ်းရေသာဆီကို စိုက်စိုက် ပြန်ခဲ့တယ်။

စမ်းချောင်းထဲ ဆင်းမိရင်ပဲ တကတည်း စောစောက ဖြစ်ပေါ်ခဲ့တဲ့ စိတ်ကောင်း မနောကောင်းတွေဟာ ပိန်းရွက်ပေါ်ရောက်နေတဲ့ မိုးပေါက်များလို လျှောခနဲ ပျောက်ကွယ်သွားတော့တယ်။

ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ သောက်ရေကန်ထဲမှာ ခွေးဝါကြီးနဲ့ အာလစ်ဟာ တဖြုန်းဖြုန်း လုံးလားထွေးလား ဆော့ကစားနေကြတာ မြင်လို့ပါပဲ။ ကျွန်တော် အကြီးအကျယ် ဒေါသဖြစ်သွားပြီး အသံကျယ်ကျယ်နဲ့…

'အာလစ်… မင်းရော ခွေးစုတ်ရော ခုချက်ချင်း သောက်ရေကန်ထဲက တက်ခဲ့စမ်း'

သူတို့ဟာ ကျွန်တော်ရောက်လာမှန်း မသိကြဘူး၊ ဒါကြောင့် ကျွန်တော့်အသံလည်းကြားရော နှစ်ကောင်သား စမ်းချောင်းထဲကနေ အိမ်ဘက်ကို ပြေးထွက်သွားကြတယ်။

ထုံးစံအတိုင်း အာလစ်က အသံကုန် ဟစ်တော့တာပေါ့။ အာလစ်

mgyoe.com

mgyoe.com


အော်သံကြားရင်ပဲ အစက ဘုမသိ၊ ဘမသိ ပြေးလိုက်သွားတဲ့ ခွေးဝါကြီးဟာ ရုတ်တရက် ရပ်လိုက်ပြီး လည်ဆံမွေးတွေ ထောင်ထအောင် မာန်ဖီပြီး ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။ အာလစ်ကို ရန်ပြုမယ်ထင်လို့ ကျွန်တော့် အပြစ် ချဲမယ့်သဘောပေါ့။

ဘာရလဲ။ ကျွန်တော်ဟာ ဂျန်ပါပေါ်က ခုန်ဆင်းပြီး တွေ့ရာခဲလုံးတစ်လုံး ကောက်ပြီး ခွေးဝါကြီးကို တအား ဆော်ထည့်လိုက်တာ နှာရိုးတည့်တည့် သွားမှန်တော့ နောက်ကျွန်းပစ်ကျသွားပြီး တအိန်အိန် တကိန်ကိန်နဲ့ သူ့ကို အရှင်လတ်လတ် နွားသတ်သလို သတ်နေသလား အောက်မေ့ရတယ်၊ အော်လိုက်တာများ။

ဒီနောက် သင်းလူးလဲထလာတော့ ကျွန်တော်က ကျောင်းမှန်းကန်မှန်း သိသွားအောင် နောက်ထပ်ခဲတစ်လုံးနဲ့ နံကြားထဲ ပစ်သွင်းလိုက်တော့ ခွေးစုတ်ကြီး မှတ်လောက်သားလောက်ဖြစ်အောင် အီသွားပြီး ရှိစုမဲ့စုအမြီးကလေး ဆတ်ဆတ်ခါအောင် ယမ်းရင်း အိမ်ဘက်ထွက်ပြေးတော့တယ်။

သို့သော် ကျွန်တော်တို့ မိသားစုမှာ ခဲပစ်ကောင်းတာက ကျွန်တော် တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ အာလစ်ဟာ ငါးနှစ်သားပဲ ရှိပေမယ့် ကျွန်တော် ကိုယ်တိုင် လက်ထပ်သင်ပေးထားတာမို့ ဆရာကောင်းတပည့် ပီသစွာ သူလည်းပဲ ကျွန်တော့်နီးပါး လက်ဖြောင့်တပ်သား ဖြစ်နေပါပြီ။

ဒီလို ခဲပစ်ကောင်းအောင် သင်ပေးခဲ့မိတာ ခုမှ နောင်တရစရာဖြစ်နေ ပါတော့တယ်။ ဘာပြုလို့လည်းဆိုတော့ ပြေးသွားတဲ့ ခွေးဝါကြီးကို ကျွန်တော် ဟာ နောက်ကနေ စိတ်မကျေပွဲထပ်နွှဲဖို့ ခဲထပ်ပြီးကောက်နေတုန်း ခဲတစ်လုံးဟာ ဝီကနဲမြည်ပြီး ကျွန်တော့်နားရွက်ဖျားလေးကို ခတ်သွားပါတယ်။ နောက်ထပ်လည်း ကျွန်တော်အရှောင်ကောင်းလို့သာ ဘယ်ဘက်မျက်လုံး မကန်းတယ်။ ဒီတော့ ကျွန်တော် တော်တော်လန့်သွားပြီး သူ့ကို ခပ်တည်တည် လှမ်းဟောက်ကြည့် သေးတယ်။

'ဟေ့ အာလစ်… မင်းလက်ထဲက ခဲတွေ ချလိုက်စမ်း'

ဒါပေမယ့်… အာလစ်ကတော့ မတော်ပါ။ သူ့ခွေးကို နာကျည်းအောင် လုပ်ရကောင်းလားဆိုတဲ့ ဒေါသစိတ်က သူ့တစ်ကိုယ်လုံး လွှမ်းမိုးနေပါပြီ။

ဒါကြောင့် သူက နောက်ထပ် ဒူးခေါင်းလောက် ကျောက်တုံးကြီးကို ကုန်းကောက်ရင်ပဲ ကျွန်တော်က အမေ့ဆီကို တကြော်ကြော်အော်ယင်း တအား ပြေးရပါတော့တယ်။ မပြေးလို့လည်း ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ။ ကျွန်တော်

mgyoe.com

mgyoe.com


က သူ့ထက် အသက်ဆယ်နှစ်လောက်ကြီးတဲ့ဟာ၊ ကိုယ့်ညီလေးနဲ့ သူနိုင်၊ ကိုယ်နိုင် အပြိုင်ခဲနဲ့ပေါက်လို့ သင့်ပါမလား။

ကျွန်တော်က အာလစ်ဘေးက ပန်းတက်ပြီး ခြေကုန်သုတ်ပြေးရင်း အမေ့ကို တကြော်ကြော် အော်ခေါ်ရပါတော့တယ်။ အာလစ်ကလည်း ခဲလုံးကို ကိုင်ပြီး ကျွန်တော့် နောက်က တရှုးရှုးတရှားရှားနဲ့ လိုက်လာတယ်။ အမေဟာ ကျွန်တော့်ခေါ်သံကြားတော့ အိမ်ထဲက ဂါဝန်ရှည်ကြီး ဖိုးရိုးဖားရားနဲ့ ပြေးထွက်လာပြီး ရင်တုန်ပန်းတုန်နဲ့…

'ဟဲ့… အလန့်တကြား ဘယ်လိုဖြစ်လာကြတာလဲ သားတို့ရယ်'

ကျွန်တော်က အမေ့ကို ဖြတ်ကျော်ပြီး အိမ်ထဲဝင်ပြေးရင်း အာလစ်ကို လက်ညှိုးထိုးပြကာ…

'အမေ့သား အာလစ်ကို ဆီးဖမ်းထားလိုက်ပါ အမေရ… ကျွန်တော့်ကို ခဲနဲ့ လိုက်ပေါက်နေတယ်'

အာလစ်သည် အမေ့လက်ထဲ ရောက်နေသည့် တိုင်အောင် ဒေါသတကြီး ကျွက်ကျွက်ညံအောင် အော်ဟစ် ရုန်းကန်နေသေးသည်။

ဒီကိစ္စဟာ နောက်ဆုံးကျတော့ ထုံးစံအတိုင်း သောက်ရေကန်ထဲ ဆင်းဆော့ရမလားလို့ အာလစ် တရှမ်းရှမ်း အရိုက်ခံရသလို ကျွန်တော့်ကိုလည်း ကိုယ့်ညီလေးအပေါ် အနိုင်ကျင့် ဗိုလ်ကျရကောင်းမလားဟု အမေက ကောင်းကောင်း ဆူသည်။

ခွေးဝါကြီးသာ ကြားထဲက အချောင် ကွင်းလုံးကျွတ် လွတ်သွားပါတော့သည်။

ကျွန်တော့်အနေနဲ့ ဒီကိစ္စမှာ အမေက မတရားဘူးထင်ပါသည်။ ဘယ့်နှယ်ဗျာ အမေ့ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်စကားကိုမှ နားထောင်မည့်သူ မရှိရင် ကျွန်တော် ဒီရာထူးကိုရတာ အလကားပေါ့။ ဘာအဓိပ္ပာယ်လဲ ဟုတ်ဘူးလား။

ကျွန်တော် စမ်းချောင်းဆီပြန်ဆင်းသွားပြီး ချောင်နံဘေးမှာ မြက်ကုန်းစားနေတဲ့ ဂျုန်ပါကို ဆွဲခေါ်ခဲ့တယ်။

နောက်ပြီးတော့ သမင်မကို အိမ်ဘေးက ဝက်သစ်ချပင်ကြီး အကိုင်းတစ်ကိုင်းမှာ တွဲလဲဆွဲပြီး အရည်ခွာရသည်။ သည်သမင်မကို လူစွမ်းကောင်းကြီး ကျွန်တော် ဘယ်လိုပစ်ခဲ့သည်ကို အမေ့အား အားရပါးရ ပြောပြမည်ဟု ကြံစည်

mgyoe.com

mgyoe.com

ခဲ့သော်လည်း အမေက ကျွန်တော့်ကို အာလစ်နှင့် တန်းတူ သူငယ်နှပ်စားလို သဘောထားနေမှတော့ ပြောမနေချင်တော့ပါဘူး။

ကျွန်တော် စိတ်ကောက်ကောက်နဲ့ပဲ တိတ်တိတ်ဆိတ်ဆိတ် လုပ်စရာရှိတာတွေ လုပ်နေလိုက်ပါသည်။ သမင်ရည်ခွာပြီး အသားများကို ခွဲခြမ်းစိတ်ဖြာ၍ ကြိုးနှင့်သီကာ ဝရန်တာက တန်းမှာ ချိတ်ထားလိုက်သည်။ ခွေးစုတ်ကြီး ဒီတစ်ခါ ခိုးစားရင်တော့ သိရောပေါ့ကွာ။

ဒါပေမယ့် ခွေးဝါကြီးက ကျွန်တော့်ထက် ဉာဏ်သွားမှာ တစ်လျှား ပိုပါတယ်ခင်ဗျာ၊ သင်းကလေးက အမေက ကျွေးတဲ့ သမင်ခြေထောက်၊ ဒူးခေါင်းရိုးတွေသာ ချောင်တချောင်မှာ ကုပ်ကုပ်ကလေး ကိုက်နေတတ်ပေမယ့် ကျွန်တော့် သမင်သားတွေကိုတော့ ယောင်လို့မှ မော့မကြည့်ပါဘူးဟူသော စတိုင်မျိုးနှင့် မင်သေသေဣန္ဒြေရရ မခုတ်တတ်တဲ့ ကြောင်ကြီးလိုလေ။

နေသေးသပ ခွေးစုတ်ကြီးရယ်။

❃

mgyoe.com

# အခန်း ၄

နောက်နှစ်ရက်လောက်အကြာမှာ ဒီခွေးဝါကြီးကို ကျွန်တော် ပိုပြီး ချဉ်စရာ တွေ့ရပြန်ပါတယ်။

အဲသည်နေ့က နွားသိုးကြီးနှစ်ကောင် ကျွန်တော်တို့အိမ်ရှေ့မှာ လာပြီး တွေ့ကြ ဝှေ့ကြတုန်းကပေါ့၊ ကျွန်တော်တို့ မိသားစုဟာ နေ့လယ်စာကို သမင်မိုးခိုသားပြုတ်ကြော် နံရိုးနဲ့ စမ်းချောင်းလေးကရတဲ့ မှန်ညင်းကို စွပ်ပြုတ်ပြုတ်လို့ ပြောင်းဆန်မုန့်၊ ပေါင်မုန့်နဲ့ မြိန်ရည်ယှက်ရည် စားနေကြတုန်း ဖြုန်းဆိုအိမ်တောင်ဘက် ကျောက်တန်းတွေဆီက နွားသိုးကြီးတစ်ကောင် တွန်သံကြားရတယ်။ ဝပ်ထရိန်း... ဝပ်ထရိန်းနဲ့ ကျွန်တော်တို့အိမ်ဘက်ဆီကို လာနေတယ်။

သူ့တွန်သံ အပြင် လမ်းမှာတွေ့တဲ့ သစ်ပင်ချုံနွယ်တွေကို ချိုနဲ့ကော်တဲ့အသံ၊ တောင်ပို့ကမူတွေ့ရင် ချိုသွေးခွာရှပ်ရင်း နှာမှုတ်သံလည်း တရှူးရှူးနဲ့။

တစ်ချက်ချက်မှာ တစ်နေရာရာမှာ ရပ်ပြီး တွန်လိုက်တဲ့အသံကလည်း တောင်နံရံနဲ့ ချိုင့်ဝှမ်းတွေမှာ ပဲ့တင်ထပ်လို့ မိုးခြိမ်းသလား အောက်မေ့ရတယ်။

'ဒီနွားကြီးတော့ ရန်လိုနေပြီအမေ'

ကျွန်တော် အမေ့အား ပြောပြီး တဆက်တည်း အာလစ်သို့...

'နွားသိုး ဒီလိုတွန်တာဟာ ပတ်ဝန်းကျင်မှာရှိတဲ့ နွားထီးတွေကို ဗိုလ်ရှိရင် ထွက်ခဲ့လို့ ချဲလင်းခေါ်တာပဲကွ။ သူ့ကို မယှဉ်ဝံ့တဲ့ နွားတွေဟာ အသံမထွက်ဘဲ ဝေးဝေးက ရှောင်ကြတယ်၊ အဲသူ့နဲ့ ရင်ဆိုင်ရဲတဲ့ကောင်ဆိုရင်ဖြင့်'

'ဝပ်ထရိန်း'

mgyoe.com

mgyoe.com

ဟောဗျာ ကျွန်တော်စကားမဆုံးမီပင် ဆားတွင်းရွာဘက်ဆီက နောက်ထပ် နွားသိုးကြီး တစ်ကောင်၏ တုံ့ပြန်သံကို ကြားရသည်။ ယင်းနွားကြီး၏ အသံမှာလည်း ပထမနွားသိုးကြီးအသံကဲ့သို့ပင် ကျယ်ကျယ်လောင်လောင်နှင့် အောင်အောင်မြင်မြင် ရှိလှသည်။

'ဟော့ ဘယ်က နွားနာလဲကွ၊ ဒီဘက်လာပြီး အာလူးပေးနေတာ ဒီရွာမှာ ငါဗိုလ်ပဲကွ လာ အပြတ်ချဲကြမယ်'

ဆိုတဲ့ သဘောမျိုး။

အဲသည်လို တစ်ကောင်နဲ့ တစ်ကောင် အပြန်အလှန် စိန်ခေါ်နေသံကို ကျွန်တော်တို့နားထောင်ရင်းနဲ့ တဖြည်းဖြည်း အိမ်နား နီးသထက် နီးလာတော့တယ်။

ကျွန်တော်ဟာ တိရစ္ဆာန်တွေ ခုလို တစ်ကောင်ချင်း တိုက်ခိုက်သတ်ပုတ်ကြတာကို သိပ်ကြည့်ချင်၊ မြင်ချင်တာပဲ။ တောထဲမှာ မကြာခဏ ဆိုသလို တောဝက်ချင်းပက်ကြတာ၊ ဝက်ဝံကြီးတွေ လုံးသတ်နေကြတာ၊ စိုင်ထီးကြီးတွေ ဝှေ့နေကြတာ ခပ်လှမ်းလှမ်းက မြင်ဖူးပေမယ့်၊ တစ်ခါမှ အနီးကပ် မတွေ့ဖူးသေးဘူး။

ဒီတော့ ခုနက နွားသိုးကြီးတွေ အိမ်နားလာဝှေ့ကြရင်တော့ ကျကျနန ပွဲကြီးပွဲကောင်း ကြည့်ရတော့မှာပဲလို့ ကြက်သီးတဖြန်းဖြန်းထပြီး ဝမ်းပန်းတသာ ဖြစ်လိုက်ရတာလေ။

ခင်းတို့ဘယ်တော့များ အိမ်နားရောက်လာပါ့မလဲလို့ အိမ်ပေါ်ကနေ လည်တဆန့်ဆန့်နဲ့ မျှော်နေမိတယ်။ တကယ်ဆိုရင် ထမင်းစားပြီးတော့ ပြောင်းခင်းထဲ ပေါင်းသင်သွားရမှာ ခုတိုင်းဆို နွားဝှေ့ပွဲကြီးပြီးမှ သွားဖြစ်တော့မယ်ထင်ပါရဲ့။

စကားမစပ် ကျွန်တော်တို့ အိမ်တည်နေရာလေးကို ပြောပါရစေဦး။ အချက်အချာကို စမ်းချောင်းကလေးပဲ သတ်မှတ်တာပေါ့။ ကျွန်တော်တို့ အိမ်ရှေ့ဘက်မှာဆိုရင် ဆားတွင်းရှိတဲ့ တောင်ကြောကြီးရှိတယ်။

အဲဒီတောင်ကြောကြီးခြေရင်း မြောက်ဘက် ယွန်းယွန်းမှာ ဆားတွင်းရှိတယ်။ တောင်ဘက်မှာတော့ တောင်မကြီးရဲ့ အကြောဖြစ်တဲ့ ကျောက်တောင် ကျောက်တန်း ခပ်ပြေပြေကလေးပေါ့။ ဒီကျောက်တန်းနဲ့ ဝါးနှစ်ပြန်လောက်အကွာမှာ ကျောက်တန်းကို ကျောပေးပြီး ကျွန်တော်တို့အိမ် ဆောက်ထားတယ်။

mgyoe.com

mgyoe.com


ရန်သူလာရင် ရတ်တရက် နောက်ကျောကနေ ဝင်မတိုက်နိုင်အောင်ပေါ့ဗျာ။ ကျွန်တော်တို့အိမ်က ကုန်းမို့မို့မှာမို့ ကိုက်တစ်ရာလောက် ပြေပြေကလေး ဆင်းသွားရင် စမ်းချောင်းကလေးကို ရောက်သွားတာပါပဲ။ အဖေဟာ အိမ်ဘေးပတ်လည်မှာ ဝက်သစ်ချပင်ကြီး သုံးလေးပင်ကလွဲပြီး ချုံဖုတ်ကြီးငယ်မှန်သမျှ ပြောင်သလင်းခါအောင် ရှင်းပြီး ပြောင်းခင်းဂျုံခင်းတွေ လုပ်ထားတယ်။ တောရှင်းနေရင် အင်ဒီယန်းတွေ ချုံခိုမတိုက်နိုင်အောင်ပေါ့ဗျာ။

ကဲ ကျွန်တော် မျှော်တုန်းမျှော်ဆဲမှာပဲ ပထမနွားသိုးကြီးဟာ တဖူးဖူး တပြဲပြဲအော်ရင်း ကျွန်တော်တို့အိမ်ရှေ့ကွက်လပ်ထဲ ရောက်လာပါတော့တယ်။ အမွေးရောင်က ဖွဲနုရောင်ဖျော့ဖျော့မှာ အနက်အပြောက်အစက်တွေနဲ့ နွားဝါးစေ့ပြောက် ခေါ်မယ်။ အဲ ချိုကတော့ တဖက်ကထောင်၊ တစ်ဖက်ကတော့ အောက်ဘက် တွဲလဲကြီးကုပ်ကျလို့။ ဒီနွားမျိုးကို မက္ကဆီကန်တွေက 'ချွန်ဂို' လို့ ခေါ်ကြတယ်။ (ဗမာလို 'တယ်လူး'ပေါ့) ဒီကောင်ကြီးဟာ ကျွန်တော်တို့ အိမ်ရှေ့ကွက်လပ် ရောက်တယ်ဆိုရင်ပဲ မြေကြီးကို နှာခေါင်းနဲ့ တရှုပ်ရှုပ် နမ်းလိုက်၊ ခွာနဲ့ရှုပ်လိုက် ဖုံတထောင်းထောင်းထအောင် ကိုယ်ဟန်ပြနေတယ်။ ခေါင်းကြီးကိုလည်း ဘယ်ညာ ရမ်းလိုက်သေးတယ်။ မျက်စိကြည့်ပုံကလည်း ပေတေတေ စွေစောင်းစောင်း။

ဒုတိယနွားကြီးဟာလည်း အကောင်မမြင်ရသေးပေမယ့် တဖြည်းဖြည်း နီးလာတဲ့ သူ့အသံနားထောင်ရတာ နွားသိုးအကြီးစားကြီးထဲက နေမှာပဲ။

'အမေရေ အိမ်ရှေ့ကွက်လပ်ထဲမှာ တွေ့ကြလိမ့်မယ်ထင်တယ်၊ ဟန်ကျတာပဲ ကျွန်တော်တို့ အနီးကပ် ကောင်းကောင်းမြင်ရမှာပဲ'

ကွက်လပ်နှင့် ကျွန်တော်တို့အိမ်အကြားမှာ သစ်သားတန်းတွေ ခြံစည်းရိုးခတ်ထားပါတယ်။ ကျွန်တော်တို့မိသားစု သုံးယောက်ဟာ အပေါ်ဆုံး သစ်သားတန်းမှာ ပထမတန်းက ပွဲကြည့်ပရိသတ်လို ကျကျနနထိုင်နေရင်း ကွက်လပ်တစ်ဖက်က နေပြီး နွားနီကြီးတစ်ကောင်ဟာ တလှုပ်လှုပ်နဲ့ ဝင်လာတော့တယ်။

ဘို့လုံးလုံးကြီးနဲ့ဟာ ဒီကောင်ကြီးဟာ ကျွန်တော်မနေ့က သမင်ပစ်တုန်းက နွားမသုံးကောင်နဲ့အတူတွေ့ခဲ့တဲ့ နွားသိုးကြီးပါလားဗျာ။

သူက ပထမနွားကြီး'ချွန်ဂို' လောက် ဒေါက်မမြင့်ပေမယ့် ကိုယ်လုံးကြီးတယ်။ လည်ပင်းကြီးတောင့်တယ်။ အင်းအားပိုပြီး ကောင်းပုံရတယ်။ ထိပ်မှာ ကြာကြီးနဲ့၊ သူ့ချိုကတော့ နှစ်ဖက်ထောင် ရွှေငှက်ပျောသီးကြီးနှစ်လုံးလို တိုတိုတုတ်တုတ်နဲ့ အနေတော်ပဲ။

mgyoe.com

mgyoe.com


သူဟာ ပထမနွားသိုးကြီးလိုပဲ ကွက်လပ်ထဲရောက်ရင် မြေကြီးကို ခွာနဲ့ ရှပ် နှာခေါင်းနဲ့ တရှူးရှူးနမ်းပြီး ဦးခေါင်းနဲ့လေကို ဝှေ့ယမ်းနေတယ်။ ကိုယ်ရည်သွေးတဲ့ သဘောမျိုးပေါ့လေ။

အဲဒီလိုအချိန်ကောင်းကျတော့မှပဲဗျာ ခွေးဝါအစုတ်အနာကြီးဟာ အိမ်နောက်ဖေးက ပြေးထွက်လာတဲ့ပြီး ဝှေ့ခါနီးယှဉ်နေကြတဲ့ နွားနှစ်ကောင်အကြားမှာ ပျူးပျူးပျာပျာနဲ့ ဟိုဘက်ပြေး ဟောင်လိုက်၊ ဒီဘက်ပြေး ဟောင်လိုက်နဲ့ လုပ်တော့တယ်။

သူ့စိတ်ထဲမှာ ဒီနွားကြီးနှစ်ကောင်ဟာ အိမ်ရှေ့လာပြီး တပြုံပြုံအော် မြေကြီးခွာတရှပ်ရှပ်လုပ်နေတာဟာ သူလိုခွေးကြီးကို မထီမဲ့မြင်ပြုတယ်လို့ ယူဆထင်ပါရဲ့။

တောက် ဒီလိုအရေးကောင်းမှ ဒိန်းထောင်ဖျက်တဲ့ခွေးကြီးကို ကျွန်တော် ဒေါသဖြစ်ဖြစ်နဲ့ ကုန်းအော်လိုက်တယ်။

'ဟာ… ဒီခွေးနာကြီး သေတော့မှာပဲ၊ သွားစမ်း၊ ငါတို့ပွဲပျက်တော့မှာပဲ'

ကျွန်တော့်အသံကြားတော့ သင်း တောင်ပြေး၊ မြောက်ပြေးလုပ်တာတော့ ရပ်သွားပါရဲ့။

ဒါပေမယ့် လည်ဆံမွေးတထောင်ထောင်နဲ့ ဝှေ့ကာနီး နွားနှစ်ကောင်ကြား မာန်ဖီနေသေးတာမို့ ကျွန်တော် သစ်သားတန်းပေါ်က ခုန်ဆင်းပြီး ကျောက်ခဲတစ်လုံးနဲ့ ကောက်ပေါက်တော့မယ့်ဟန် ပြင်လိုက်ရုံရှိသေးဗျာ၊ သူ့ကို နှာနှာကျည်းကျည်း ထိသွားတဲ့အတိုင်းပဲ တကိန်ကိန်၊ တအိန်အိန် အော်ပြီး အိမ်အောက်ဝင်သွားတော့တယ်။

အဲသည်တော့ တစ်ခါ အာလစ်က စခန်းထပြန်တယ်။ ထုံးစံအတိုင်း သူ့ခွေးကို ကျွန်တော် နှိပ်စက်ရပါမို့လားပေါ့။ ကျွန်တော့်ကို ခဲနဲ့ပေါက်ဖို့ ပါးစပ်ကလည်း အော်ယင်း အောက်ဆင်းမယ် တကဲကဲ လုပ်နေတော့ အမေက သူ့ပခုံးပွေ့ထားပြီး…

'တိတ်တိတ်နေပါ လူကလေးရယ်၊ ထရာဗစ်က မင်းခွေးကို ဘာမှ မလုပ်ရသေးပါဘူး၊ နွားတွေကြား အနှောင့်အယှက်မဖြစ်အောင်လို့ မောင်းရုံမောင်းပစ်လိုက်တာပါ'

ဆိုတော့မှ ဘသားချောလေး ငြိမ်ကျသွားတယ်။

mgyoe.com

သည်တော့ တိုက်ပွဲခိုက်ပွဲတစ်ခုခု ကြည့်တယ်ဆိုတာ တစ်ဖက်ဘက်က နေဦးမှ ပျော်စရာကောင်းတာကိုး။ ဒါကြောင့် ကျွန်တော်က ‘ချွန်ဂို’ဘက်ကနေပြီး အမေက နွားနီကြီးဘက်က နိုင်ရမယ် ပြောတယ်။ နွားနီကြီးက ချိုနှစ်ဖက် ထောင်မို့တဲ့။

ကြည့်ကြသေးတာပေါ့ အမေရာ။

ကျွန်တော်တို့ဟာ နွားနှစ်ကောင်ဇော့မှာကို စောင့်ရင်း သားအမိတွေ စကားပြောလိုက်ကြ၊ ရယ်လိုက်ကြနဲ့ တစ်ယောက်မှ အန္တရာယ်ရှိလာမယ်လို့ မတွေးမိကြဘူး။

အဲ… အန္တရာယ်ကို ရိပ်မိတဲ့အခါရောက်တော့ နောက်ကျနေပါပြီ။ ချွန်ဂို ဟာ မြေကြီးကို ခွာနဲ့ရှပ်နေရာက ရုတ်တရက် ရပ်လိုက်ပြီး သူ့အမြီးကို လေထဲ ပင့်ထောင်လိုက်တယ်။ ဒီတော့ ကျွန်တော်က ဒါမျိုးတွေဖူးမြင်ဖူးတာမို့ ဝမ်းမြောက် ဝမ်းသာနဲ့…

‘လာပြီ အမေရေ… ချတော့မယ်ဗျ’

တကယ်ပါပဲ၊ ချွန်ဂိုဟာ အသံကျယ်ကျယ်ကြီးနဲ့ တစ်ချက်တွန်လိုက်ပြီး တရကြမ်း ပြေးလာတော့တယ်။

သည်တော့ နွားနီကြီးကလည်း အားကျမခံ ဦးခေါင်းကိုနှိမ့်၊ ကျောကိုကော့ အမြီးကိုထောင်ပြီး လမ်းခုလတ်မှာ လာဆုံတယ်။ နွားဦးခေါင်းနှစ်လုံးဟာ ခွပ် ခနဲ ဆောင့်မိကြတော့ မြေကြီးတောင် တုန်သွားသလား အောက်မေ့ရတယ်။

သည်အခိုက် နွားနီကြီးရဲ့ ရှေ့လက်နှစ်ဆစ်က ကွေးကျသွားသည်ကို မြင်ရတော့ ကျွန်တော်က ချွန်ဂိုနိုင်ပြီလို့ ဝမ်းသာအားရ အော်လိုက်မိသေးတယ်။ ဒါပေမယ့် ထင်သလို မဟုတ်ဘူး။

နွားနီကြီးက သူ့ရှေ့လက်တွေကို ပြန်ဆန့်လိုက်တဲ့အခါမှာ ခေါင်းချင်း ချော်သွားပြီး နွားနီကြီး ချိုတွေက ချွန်ဂိုရဲ့ လက်ပြင်နေရာမှာ သွားထောက် နေတယ်။

အဲသည်မှာ သူ့ကိုယ်က တအားတွန်းဖိထားတော့ ချွန်ဂိုဟာ ရှောင်လို့ မရဘူး။ သူ့ကိုယ်ကို မြေပေါ်က မြောက်တက်မသွားအောင်ပဲ မနည်းအားခဲပြီး ခြေကုပ်ထားရဟန်တူရဲ့။

နွားနီကြီးက ခွာမပေးဘူး။ အတင်း တွန်းလေတော့ နွားနှစ်ကောင်ဟာ အကြီးအကျယ် လှုပ်ယမ်းလှုပ်ယမ်းနဲ့ ဖိလာကန့်လန့် တရွေ့ရွေ့ကျွန်တော်တို့နေတဲ့ သစ်သားတန်းဆီ ရောက်လာတော့မှ အန္တရာယ်ကို ကျွန်တော် မြင်ပြီလေ။

mgyoe.com

mgyoe.com

ဒါကြောင့် အလန့်တကြား အော်ရတော့တယ်။

'အမေ… နွားတွေ ဒီဘက်ကို လာနေပြီ၊ မြန်မြန်ပြေးတော့ဗျ…'

အမေဟာ ထိုင်ရာက ဖြုတ်ခနဲ ခုန်ဆင်းပြီး အာလစ်ကို ပွေ့ချလိုက်တယ်။ ကျွန်တော်တို့ဟာ နွားဖော့တာကို စိတ်ဝင်စားလွန်းအားကြီးနေတော့ အန္တရာယ်ကို သိလိုက်တဲ့အချိန်ဟာ သိပ်နောက်ကျနေပါပြီ။

အမေဟာ အာလစ်ကို လက်ကဆွဲပြီး အိမ်ဆီပြေးမယ်လုပ်တုန်း နွားနစ်ကောင်ဟာ ခြံစည်းရိုးတန်းကို ဝုန်းခနဲနေအောင် လာဆောင့်မိကြတော့ သစ်သားတန်းတွေဟာ ပြုတ်ပျက်ထွက်ကုန်ပြီး ကျွန်တော်လည်း မြေကြီးပေါ် လက်ကားရား၊ ခြေကားရာ ကျသွားတော့တယ်။

ကျွန်တော့် ကိုယ်ပေါ်မှာတော့ ဝင်းထရံ အကျိုးအပဲ့တွေက ပိလို့။ သည်တစ်ခါတော့ ကြွပဟဲ့လို့ ကိုယ့်ကိုယ်ကို အောက်မေ့ရင်း အတင်းရုန်းကန်ပြီး ထပေမယ့် ကြောက်အားနဲ့မို့ မထနိုင်ဘဲ ဖြစ်နေတယ်။

နွားနစ်ကောင်ရဲ့ အော်သံတွေဟာ ကျွန်တော့်နားအနားမှာကပ်ပြီး နားအုံကွဲထွက်မလား ထင်ရတယ်။ သူတို့ကိုယ်က ချွေးနံ့သွေးညှီနံ့နဲ့ သူတို့ ထွက်သက်၊ ဝင်သက်တွေ အတိုင်းသား ခံစားနေရတယ်။

ကျွန်တော့် ပတ်ဝန်းကျင်မှာတော့ ဖုံလုံးတွေ တထောင်းထောင်း ထနေတာမို့ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။

သည်လိုနေတုန်း အမေက ကျွန်တော့်လက်ကို လာကိုင်ပြီး သစ်ပုံတွေအောက်က ဆွဲထုတ်ပြီးတော့ အသံတုန်တုန်ယင်ယင်နဲ့ ငယ်သံပါအောင် အော်ပြီး ပြောနေတယ်။

'ထရာဗစ်… လူကလေး ပြေး… ပြေး'

အမေ အော်စရာတောင် မလိုပါ။ ကျွန်တော် သစ်ပုံအောက်မှ လူးလဲထမိတယ်ဆိုရင်ပဲ အမြန်တကာ့ အမြန်ဆုံး အားသွန်ပြီး ပြေးပါတော့တယ်။

အမေက ကျွန်တော့်နောက်က ထပ်ကြပ်မကွာ ပါလာပြီး အိမ်တံခါးမကို အထက်မင်းတုပ်၊ အောက်မင်းတုပ် အပြင်အလယ်က သစ်သားယက်မကြီး ချမိတယ်ဆိုရင်ပဲ ဝုန်းဆို နွားတွေဟာ အိမ်ထရံကို ဝင်ဆောင့်မိလို့ တစ်အိမ်လုံး သွက်သွက်ခါသွားပြီး ထရံမှာ မံထားတဲ့ ရွှံ့စေးနဲ့ ကောက်ရိုးတွေဟာ အချပ်လိုက် ကွာကျလာတော့တယ်။

mgyoe.com

mgyoe.com


သည်အင်အားမျိုးနဲ့ဆို ကျွန်တော်တို့အိမ်ဟာ နောက်ထပ်သုံးခါ မဆောင့်ရဘူး ပြိုကျမှာပဲ။

ကျွန်တော်တို့ သားအမိဟာ ကြက်သေ သေပြီး မျက်လုံး အပြူးသားနဲ့ တံခါးမကြီး ပွင့်ထွက်သွားပြီး နွားတွေများ အိမ်ထဲရောက်လာကြမလားလို့ ရင်တထိတ်ထိတ်နဲ့ပေါ့လေ။

ဒါပေမယ့် ကံအားလျော်စွာနဲ့ပဲ ချွန်ဂိုဟာ နွားနီကြီးရဲ့ ချိုဖျားက လွတ်ထွက်သွားတယ် ထင်ပါရဲ့။ သူ့ကိုယ်ကို နွားနီကြီးနဲ့ မျက်နှာချင်း ပြန်ဆိုင်လိုက်ပြီး တစ်ကောင်နှင့် တစ်ကောင် တွန်းယင်း ထိုးယင်း အိမ်ထရံလုပ်ထားတဲ့ သစ်လုံးတွေကို တဝုန်းဝုန်းနဲ့ ဆောင့်ရင်းကန်ရင်း အိမ်နဲ့ တဖြည်းဖြည်း ဝေးသွားကြတော့တယ်။

ဒီတော့မှ ကျွန်တော်လည်း သက်မချနိုင်ပြီး အမေတို့ကို လှမ်းကြည့်တော့ သွေးဆုတ်နေတဲ့ မျက်နှာဖြူဖပ်ဖြူရော်လေးတွေနဲ့ ခါတိုင်းဆို ဒီလို ကြောက်စရာ လန့်စရာများတွေ့မှဖြင့် စူးစူးဝါးဝါး တစာစာအော်လေ့ရှိတဲ့ အာလစ်ဟာလည်း အသံတောင် မထွက်ဝံ့ရှာဘဲ အမေ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး အမေကလည်း သူ့သားငယ်ကို တင်းတင်းပွေ့ပိုက်ထားတာမြင်ရတော့ သားကြီး ကျွန်တော်ဟာ ကြောက်လန့်တဲ့စိတ်တွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားပြီး တိုင်မှာ ချိတ်ထားတဲ့ ကျာပွတ်ကို သွားဖြုတ်ခဲ့တယ်။

ဒီကျာပွတ်ဟာဖြင့် သားရေစိမ်းတွေကို အမြှောင်းခွဲပြီး သေချာကျစ်ထားတာမို့ ရိုက်အားကောင်းလှတယ်၊ အမေက ကျွန်တော် လုပ်ကိုင်နေပုံကို ကြည့်ယင်း ပျာပျာသလဲ တားရှာတယ်။

'အို… သား နွားတွေကို သွားရိုက်မလို့လား၊ အပြင်ဘက် မထွက်ပါနဲ့ သားရယ်'

'မရိုက်ရင် မဖြစ်ဘူးအမေ၊ တော်ကြာ သူတို့ တိုက်ကြခိုက်ကြနဲ့ အိမ်ပြိုတော့မယ်'

'အိမ်ပြိုမှာက နောက်၊ မင်းကိုဝှေ့ကြမှာက အလျင်၊ အမေပြောတာ နားထောင်စမ်းပါကွယ်'

အိမ်အစွန်းကို နွားတွေခိုက်မိ၍ သိမ့်ခနဲ ဖြစ်သွားပြန်သည်။ ယင်းသို့ အော်ရင်းဟစ်ရင်း သဲကြီးမဲကြီး တိုက်တုန်းခိုက်တုန်းပါပဲ။ တစ်ချီ တစ်ချီ

mgyoe.com